# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 21 July 2022 ၁၀၈၀၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံကိုယ်စားပြု တက္ကသိုလ်အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံကိုယ်စားပြု တက္ကသိုလ်အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကျင်းပ

## နိုင်ငံတကာအလယ်တွင် အမိနိုင်ငံ၏အလံတော်လွှင့်ထူဂုဏ်ပြုခံရခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားတောင့်တကြသည့်အတွက် အားသွန်ခွန်စိုက်ကြိုးစား

နေပြည်တော် ဇူလိုင် ၂၀

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံကိုယ်စားပြုတက္ကသိုလ်အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တက္ကသိုလ်အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





ကြေးမုံ

# ယုံကြည်စိတ်ချပစ္စည်းများဖြင့် လူမှုစီးပွားအဆင့်မြှင့်တင်

ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝတွင် မသုံးမဖြစ် လိုအပ်လျက်ရှိသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ဝယ်ယူအသုံးပြုနေကြရသည်။ ပြည်သူများအနေဖြင့် ဈေးနှုန်းသက်သာသော အသုံးဝင်သည့် နှစ်သက်ရာကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူအသုံးပြုကြရာတွင် အရည်အသွေးမမီခြင်းဟူသောအချက်သည် ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်စေသည့်ကုန်ပစ္စည်းများ ပါဝင်လာသည်။

ဤအချက်ကို ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဖြေရှင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ပြည်သူများအနေဖြင့် အစောပိုင်းကာလက ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအပေါ်တွင်သာ လုံးလုံးလျားလျား မှီခိုအားထားနေရပေသည်။ ကုန်ပစ္စည်းအရည်အသွေးစစ်မှန်ခြင်း၊ မစစ်မှန်ခြင်းကို အထူးဆန်းစစ်ခြင်းမပြုနိုင်ဘဲ နှစ်သက်သဘောကျနိုင်သည့် မျက်မြင်အနေအထားနှင့် ဈေးနှုန်းအပေါ်တွင်မူတည်၍သာ ရွေးချယ်ဝယ်ယူအသုံးပြုကြသည်။ အရည်အသွေးမမီ၊ မစစ်မှန်သည့်ကုန်ပစ္စည်းများ ဝယ်ယူအသုံးပြုမိပါက ကျန်းမာရေးထိခိုက်ပြီး ထိခိုက်နစ်နာ ဆုံးရှုံးမှုများနှင့်ကြုံတွေ့ကြရသည်။

အများပြည်သူ နေ့စဉ်မဖြစ်မနေ ဝယ်ယူသုံးစွဲနေကြသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကုန်ပစ္စည်းစစ်မှန်ရေး၊ အရည်အသွေးပြည့်ဝရေး၊ အာနိသင်ပြည့်မီရေးတို့သည် အလွန်အရေးကြီးသည့်အချက်ဖြစ်သည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကုန်ပစ္စည်းများကို စိတ်ချလက်ချဝယ်ယူအသုံးပြုနိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူများအနေဖြင့် ချမှတ်ထားသည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်ခြင်းလုပ်ငန်းများကို နီးနွယ်ဌာနများနှင့်ပူးပေါင်းပြီး စနစ်တကျ ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ဆေးဝါးနှင့်စားသောက်ကုန်ပစ္စည်းများတွင် မပါဝင်သင့်၊ မပါဝင်ထိုက်သည့် ဓာတ်ပစ္စည်းများ ပါဝင်မှုနှုန်းကို ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်း၊ ဆေးဝါးထုတ်လုပ်ရာတွင် ကုန်ကြမ်းစစ်မှန်မှု ရှိ၊ မရှိနှင့် မလိုလားအပ်သော အရောအနှောများ ပါဝင်နေမှုကို ဓာတ်ခွဲစစ်ဆေးခြင်း၊ အစားအသောက်များတွင် ဆိုးဆေးနှင့် တာရှည်ခံဆေးဝါးများ ခွင့်ပြုပမာဏထက် ကျော်လွန်သုံးစွဲခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ အစားအသောက်များတွင် လူကိုအန္တရာယ်ဖြစ်စေနိုင်သော မှိုပါဝင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ အစားအသောက်များထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းများ စစ်မှန်မှုနှင့် အရည်အသွေးတို့ကို စမ်းသပ်စစ်ဆေးခြင်း၊ စားသုံးဆီတို့၏ အမျိုးအစားများ စစ်မှန်မှု ရှိ၊ မရှိနှင့် ဆီအမျိုးအစားအလိုက် ပြည့်ဝဆီနှင့် မပြည့်ဝဆီပါဝင်မှုကို စစ်ဆေးခြင်း စသည့်လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်တွင် ထုတ်လုပ်ရောင်းချနေသော ကုန်ပစ္စည်းများအားလုံးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးနိုင်ရန်မှာ လွယ်ကူလှသည့်အလုပ်မဟုတ်ပေ။ ထို့ကြောင့် ထုတ်ကုန်ပစ္စည်းများအပေါ်တွင် သက်ဆိုင်ရာက စစ်ဆေးပြီးကြောင်း အမှတ်တံဆိပ်များ ထည့်သွင်းဖော်ပြစေပြီး ထိုအမှတ်တံဆိပ်များပါရှိမှသာ စိတ်ချလက်ချ ဝယ်ယူအသုံးပြုသင့်ပါသည်။ ယင်းကို ထုပ်ပိုးကုန်များအပေါ်တွင် များသောအားဖြင့် လုပ်ဆောင်နိုင်ကြပြီး ထုပ်ပိုးကုန်မဟုတ်သည့် လက်ငင်းစားသောက်ကုန်ပစ္စည်းများတွင်မူ စစ်ဆေးပြီးကြောင်း အမှတ်အသားများ ပါဝင်နိုင်ရန် မလွယ်ကူသဖြင့် ပြည်သူများအနေဖြင့် အာမခံချက်မပါဘဲ စားသောက်နေရသည့် သဘောရှိသည်။ ဥပမာအားဖြင့် နံနက်စာစားသောက်သည့် အစားအစာများတွင် ကျန်းမာရေးကို ထိခိုက်စေသော စားသောက်ကုန်များစွာရှိနေသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်၌ သီးခြားဦးစီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ နေပြည်တော် (ရုံးချုပ်)၊ ရန်ကုန်(ရုံးခွဲ)၊ မန္တလေး(ရုံးခွဲ)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရုံး ၁၂ ရုံးနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၃ ခုတို့တွင် တိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုအခါတွင် ခရိုင်အဆင့်ရုံး ၃၃ ခုအထိ တိုးချဲ့ဖွဲ့စည်းထားနိုင်ပြီဖြစ်၍ စစ်ဆေးရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေပြီဖြစ်ရာ ပြည်သူများအနေဖြင့် နေ့စဉ်အသုံးပြုနေသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို စိတ်ချလက်ချ ဝယ်ယူအသုံးပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ စားသုံးသူပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စေရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ ကြီးကြပ်ရေးလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ အာဟာရဖြည့်စွက်စာနှင့် ဟင်းသီးဟင်းရွက်များ လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ အာဟာရဖြည့်စွက်စာနှင့် ဟင်းသီးဟင်းရွက်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (ကိုယ်စား) မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကျော်မျိုးဝင်း(ငြိမ်း)သည် ယနေ့ နံနက် ၉ နာရီတွင် ဒက္ခိဏသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာတွင် နေထိုင်ကြသော အဘိုး ၁၁၅ ဦး၊ အဘွား ၅၈ ဦး ပေါင်း ၁၇၃ ဦးတို့အတွက် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်နိုင်ရေး အထောက်အကူဖြစ်စေသည့် သဘာဝ သစ်သီးသစ်ဥများကို ဂျပန်နည်းပညာဖြင့် ဖော်စပ်ထုတ်လုပ်ထားသော အာဟာရဖြည့်စွက်စာအထုပ်ရေ ၂၀၀ (တန်ဖိုးငွေကျပ် ကိုးသန်းခန့်)နှင့် ခြံထွက်ဟင်းသီးဟင်းရွက်များကို ပေးအပ်လှူဒါန်းရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့် (ငြိမ်း)က လက်ခံရယူခဲ့ကြောင်း သိရသည်။




သတင်းစဉ်

## မြစ်ကြီးနားမြို့နယ်၌ တတိယအကြိမ် ပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

မြစ်ကြီးနား ဇူလိုင် ၂၀

သမဝါယမကဏ္ဍအနေဖြင့် ဒေသထွက်ကုန်များအား သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ ကုန်စည်ဖလှယ်ရောင်းချပေးမှုများကို စားသုံးသူပြည်သူများအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကချင်ပြည်နယ်အတွင်း စားသုံးဆီ လိုအပ်ချက်ဖြည့်ဆည်းနိုင်ရန်နှင့် အသင်းသားပြည်သူများအား သန့်ရှင်းသောစားသုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန် ရည်ရွယ်၍ ကချင်ပြည်နယ် သမဝါယမဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတို့ ချိတ်ဆက်၍ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစုမှ ထုတ်လုပ်သော မြေပဲဆီသန့်များကို တတိယအကြိမ်အဖြစ် မြစ်ကြီးနားမြို့နယ်ရှိ အေးချမ်းသာငွေစုငွေချေးသမဝါယမအသင်းက မြေပဲဆီသန့်ပိဿာချိန် ၅၀၀ အား ထပ်မံဝယ်ယူခဲ့ပြီး မြစ်ကြီးနားခရိုင် မိုးညှင်းခရိုင်နှင့် ပူတာအိုခရိုင်တို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသင်းသားပြည်သူများအား ဒေသပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀-၇-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၆၇၃ | ၄,၉၈၀,၂၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၀၀ | ၄,၀၀၀ | ၁၀,၄၀၀,၀၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၁ | ၇,၃၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁၁၈ | ၂,၁၁၂,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၃ | ၇,၅၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၃ | ၇,၆၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁ | ၄,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၉၄.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၄.၀၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၄၂၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၅.၅၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၁၃၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၉.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၈.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၈.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၁၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာတက္ကသိုလ်အားကစားအဖွဲ့ခေါင်းဆောင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်းထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အပ်နှင်းစဉ်။

☆ ရှေ့ဖုံးမှ

အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို အာဆီယံတက္ကသိုလ်အားကစားကောင်စီက နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိရာ အလှည့်ကျသည့်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး အဆိုပါ အားကစားပြိုင်ပွဲများသို့ အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်း။

**ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့**

အာဆီယံတက္ကသိုလ် အားကစားကောင်စီကို ၁၉၈၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၈၁ ခုနှစ်မှစတင်၍ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ကြောင်း။

အာဆီယံတက္ကသိုလ် အားကစားကောင်စီသည် အာဆီယံနိုင်ငံများအချင်းချင်း စည်းလုံးညီညွတ်မှုကို အားပေးမြှင့်တင်ပေးရန်၊ ချစ်ကြည်ရေးစိတ်ဓာတ်ရှင်သန်ရန်၊ နိုင်ငံ အချင်းချင်းအကြား အပြန်အလှန်နားလည်မှုရှိရန်နှင့် အာဆီယံစိတ်ဓာတ်ရှိကြရန် အဆက်မပြတ် ကြိုးပမ်းအားထုတ်သည့်အနေဖြင့် ယခုကဲ့သို့သော အားကစားပြိုင်ပွဲကို စဉ်ဆက်မပြတ်ကျင်းပနေခြင်းဖြစ်ကြောင်း။

ယနေ့ကမ္ဘာတွင် အားကစားသည် ထိရောက်ကောင်းမွန်သော သံတမန်လမ်းကြောင်းတစ်ခုဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားမှုကို ပီပြင်စွာ ဖော်ထုတ်ပြသနိုင်ပြီး နိုင်ငံတကာချစ်ကြည်ရေးကို အားပေးမြှင့်တင်ပေးသော နည်းလမ်းကောင်းတစ်ရပ်ဖြစ်ကြောင်း၊ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများမှတစ်ဆင့် အာဆီယံလူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးပြီး စည်းလုံးညီညွတ်မှုများ ရရှိလာမည်ဖြစ်သကဲ့သို့ အားကစားစွမ်းရည်များကို ထုတ်ဖော်ပြသခွင့်ရရှိလာကာ ထူးချွန်အားကစားသမားများလည်း ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း၊ တက္ကသိုလ်အားကစားသမားများအကြား သက်ဆိုင်ရာတက္ကသိုလ်များ၏ အကြောင်းအရာများနှင့် သက်ဆိုင်ရာနိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန် လေ့လာဖလှယ်ခွင့် ရရှိလာစေမည်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံ ဥဘွန်ရတ်ချဌာနီ၌ မကြာမီ စတင်ကျင်းပတော့မည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသည် အာဆီယံနိုင်ငံများအကြား အချင်းချင်းစည်းလုံးညီညွတ်မှုကို အားကစားဖြင့် တိုးတက်ခိုင်မာစေရန် ရည်ရွယ်၍ **“စည်းလုံးညီညွတ်မှု အစဉ်တည်တံ့ဖို့ အားကစားပြိုင်ပွဲများ ကျင်းပစို့ (Games for Sustainability)”**ဟူသည့် ဆောင်ပုဒ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပသည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို ၂၀၁၀ ပြည့်နှစ်က ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် အားကစားနည်းရှစ်မျိုးဖြင့် စတင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ် လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက်ပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် ပြိုင်ပွဲနှင့် ၂၀၁၆ ခုနှစ် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် ပြိုင်ပွဲတို့တွင် မပျက်မကွက် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အဆိုပါပြိုင်ပွဲများတွင် အောင်မြင်မှုများ ရသင့်သလောက် ရရှိခဲ့ကြောင်း။

**အဆင့်(၄)တွင် ရပ်တည်နိုင်**

၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လက်ခံကျင်းပခဲ့သော (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၇ မျိုး ထည့်သွင်းကျင်းပခဲ့ကြောင်း၊ အဆိုပါ အားကစားပြိုင်ပွဲ အားကစားနည်းတိုင်းတွင် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ အားကစားသမား ၃၅၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၄ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၂၉ ခု ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်ရပ်တည်မှုအနေဖြင့် အဆင့်(၄)တွင် ရပ်တည်နိုင်ခဲ့ခြင်းသည် အောင်မြင်မှု သမိုင်းမှတ်တိုင်တစ်ရပ်စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကျင်းပမည့် အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြုတက္ကသိုလ်အားကစားသမား ၃၃ ဦးက ဘောလုံး၊ မြားပစ်၊ ပိုက်ကျော်ခြင်းနှင့် ဝူရှူးအားကစားနည်း လေးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ကို သိရကြောင်း။

၁၉၆၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် တက္ကသိုလ်လက်ရွေးစင်များက အောင်ပွဲများ ဆွတ်ခူးပေးနိုင်ခဲ့ကာ မြန်မာ့အားကစားလောက ရွှေရောင်ဝင်းလက်စေခဲ့ကြောင်း။

ထို့ပြင် စစ်ကြိုခေတ်ကတည်းက တက္ကသိုလ်ဘောလုံးအသင်းအနေဖြင့် မြန်မာ့ဘောလုံးလောကတွင် အောင်မြင်မှုမှတ်တိုင် အလီလီစိုက်ထူနိုင်ခဲ့သည်ကို ဂုဏ်ယူ၊ အတုယူကြရမည်ဖြစ်ကြောင်း၊ စစ်ကြိုခေတ် တက္ကသိုလ်ဘောလုံးအသင်းမှ မောင်မောင်ကလေးဆိုသူကို အင်္ဂလန်နိုင်ငံသို့ ပထမဆုံးအားကစားပညာတော်သင်အဖြစ် အစိုးရက စေလွှတ်ပေးခဲ့ကြောင်း။

**မှတ်တမ်းတင်ခံထိုက်သူတစ်ဦး**

၁၉၆၀ ပြည့်လွန်နှစ်တွင် တက္ကသိုလ်ဘောလုံးအသင်း နည်းပြဆရာ ဆရာငြိမ်းသည် ရန်ကုန်တက္ကသိုလ်အသင်းကို ထိပ်တန်းအသင်းဖြစ်အောင် ကိုင်တွယ်ဆွဲတင်ပေးနိုင်ခဲ့သည့် နည်းပြဆရာအဖြစ် မှတ်တမ်းတင်ခံထိုက်သူတစ်ဦး ဖြစ်ခဲ့ကြောင်း။

၁၉၆၆ ခုနှစ်တွင် အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့စဉ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက နောက်ဆုံးဗိုလ်လုပွဲ၌ အီရန်နိုင်ငံအသင်းကို အနိုင်ရကာ ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့ကြောင်း၊ အဆိုပါ မြန်မာ့လက်ရွေးစင်အသင်းမှ အောင်ခင်နှင့် စိုးမြင့်တို့နှစ်ဦးသည် ရန်ကုန်တက္ကသိုလ်လက်ရွေးစင်များ ဖြစ်ကြကြောင်း။ ရွှေဂိုး-အောင်ခင်ဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်ကို အမှတ်ရကြမည်ဖြစ်ကြောင်း။

စစ်ပြီးခေတ် ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်း လက်ရွေးစင်များဖြစ်ကြသည့် ကောလိပ်ဂျင်နေဝင်း၊ ထွန်းကြည်၊ အောင်ခင်၊ ကက်နက်ရှိန်၊ တင်မောင်၊ စိုးမြင့်၊ စောဦး၊ မောင်ပြုံး၊ ကျော်ကျော်၊ မောင်မောင်၊ ငွေကိုင်၊ ဂျွန်တင့်၊ ဘန်နီတင်အောင်၊ ခင်မောင်ဝင်း၊ ခင်မောင်ဇော်၊ ဘမောင်ဆိုသူတို့သည် မြန်မာလူငယ်လက်ရွေးစင်အသင်းနှင့် လူကြီးလက်ရွေးစင်အသင်းတို့တွင် ပါဝင်ကစားခဲ့ကြသည့် ပရိသတ်အသည်းစွဲ နာမည်ကျော်ကစားသမားများပင်ဖြစ်ကြကြောင်း၊ ဂိုးသမား ဂျပ်ဆင်ဆိုသူသည် ရန်ကုန်တက္ကသိုလ်လက်ရွေးစင်မှ မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်ကြောင်း။

ဘော်လီဘောအားကစားနည်းတွင် ကျော်ဟန်၊ အေးထွန်း၊ စန်းစန်းဖေနှင့် ဖြူဖြူဇော် စသည့် တက္ကသိုလ်ဘော်လီဘောသမားများနှင့် ဘတ်စကက်ဘောအားကစားနည်းတွင် ဉာဏ်မင်းတို့သည် မြန်မာ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများဖြစ်ကြောင်း။

၁၉၆၂ ခုနှစ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးနိုင်ခဲ့သည့် တင်မောင်နီနှင့် ၁၉၆၉ ခုနှစ် ရန်ကုန်ကျွန်းဆွယ်ပြိုင်ပွဲတွင် တစ်ဦးတည်း ရွှေတံဆိပ်သုံးခု ဆွတ်ခူးနိုင်ခဲ့သော နန္ဒကျော်စွာတို့သည် ဆုတံဆိပ်များစွာ ဆွတ်ခူးခဲ့ကြသည့် တက္ကသိုလ်ရေကူးအားကစားသမားများဖြစ်ကြကြောင်း။

**တက္ကသိုလ်လက်ရွေးစင်အသင်းသားများဖြစ်**

ကြက်တောင်အားကစားနည်းတွင် မောင်လှ၊ ကျော်ထွန်း၊ မြင့်မြင့်ခင်(မန္တလေး)တို့မှ အစပြု၍ မြလေးစိန်အထိ မြန်မာ့လက်ရွေးစင် ကြက်တောင်ရိုက်အားကစားသမားများသည် တက္ကသိုလ်လက်ရွေးစင်အသင်းသားများ ဖြစ်ကြကြောင်း။

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့တက္ကသိုလ်ကျောင်းသားကျောင်းသူ အားကစားမောင်မယ်များအနေဖြင့် ခေတ်အဆက်ဆက် အောင်မြင်ကျော်ကြားခဲ့သည့် တက္ကသိုလ်အားကစား၏ ကောင်းမွန်သော သမိုင်းအမွေကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်လိမ့်မယ်ဟု ယုံကြည်ပါကြောင်း။

“ပွဲမဝင်ခင် အပြင်ကကျင်းပ”ဆိုသည့် စကားနှင့်အညီ တက္ကသိုလ်ကျောင်းသား အားကစားမောင်မယ်များအနေဖြင့် ခွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်ပြီးဖြစ်၍ မိမိတို့၏ကြိုးစားအားထုတ်မှုများကို တက္ကသိုလ်အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်ရေး တက်ညီလက်ညီကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ နိုင်ငံတကာအလယ်တွင် အမိနိုင်ငံ၏အလံတော်လွှင့်ထူဂုဏ်ပြုခံရခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားတောင့်တကြသည့်အတွက် အားသွန်ခွန်စိုက်ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း။

**စာမျက်နှာ ၄ သို့** ☆

☆ **ယနေ့ကမ္ဘာတွင် အားကစားသည် ထိရောက်ကောင်းမွန်သော သံတမန်လမ်းကြောင်းတစ်ခုဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားမှုကို ပီပြင်စွာ ဖော်ထုတ်ပြသနိုင်ပြီး နိုင်ငံတကာချစ်ကြည်ရေးကို အားပေးမြှင့်တင်ပေးသော နည်းလမ်းကောင်းတစ်ရပ်ဖြစ်**

☆ **တက္ကသိုလ်အားကစားသမားများအကြား သက်ဆိုင်ရာတက္ကသိုလ်များ၏ အကြောင်းအရာများနှင့် သက်ဆိုင်ရာနိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန် လေ့လာဖလှယ်ခွင့် ရရှိလာစေမည်**

☆ **အားကစားအောင်မြင်မှုများသည် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည့်အတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူပြီး တက္ကသိုလ်အားကစားအဖွဲ့ဝင် မောင်မယ်များ၏ ပခုံးထက်တွင် ထမ်းဆောင်ထားကြရသည်ဆိုသည်ကို သတိပြုနေကြရမည်**

☆ စာမျက်နှာ ၃ မှ

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အားကစားသမားများကို တက္ကသိုလ်များမှ ရွေးချယ်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းသား အားကစားမောင်မယ်များသည် နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အရည်အသွေးများ ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာဖြင့် ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေကြပြီဟု ယုံကြည်ကြောင်း။

အားကစားအောင်မြင်မှုများသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည့်အတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး တက္ကသိုလ်အားကစားအဖွဲ့ဝင်မောင်မယ်များ၏ ပခုံးထက်တွင် ထမ်းဆောင်ထားကြရသည်ဆိုသည်ကို သတိပြုနေကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်ကာလတွင် နိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျ အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဆိုသည့် လူမှုရေးဦးတည်ချက်အတိုင်း အနာဂတ်ကို ဦးဆောင်ပုံဖော်ကြမည့် လူငယ်များကို စိတ်ဓာတ်စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော မျိုးဆက်များဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်သွားရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသော စွမ်းရည်ပြယှဉ်ပြိုင်မှုများဖြစ်ကြောင်း၊ အလားတူ အနိုင်မခံ၊ အရှုံးမပေးသည့်စိတ်ဓာတ်၊ ခိုင်မာသော စိတ်ဓာတ်များဖြင့် ယှဉ်ပြိုင်ကြရသည့်အတွက် နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်နှင့် ဇာတိဂုဏ်များကို မြှင့်တင်ပေးပြီး အမျိုးသားရေးစိတ်ဓာတ်များကိုလည်း ပိုမိုရှင်သန်ထက်သန်စေနိုင်မည်ဖြစ်ကြောင်း၊ အားကစားသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ခွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါ်လွင်စေကြောင်း။

တစ်နည်းအားဖြင့် မိမိတို့နိုင်ငံရှိ ပြည်သူပြည်သားများ၏ ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားအဆင့်အတန်းကို မြှင့်တင်နိုင်ရန် ပြည်တွင်းအားကစားပြိုင်ပွဲများ၊ ဒေသတွင်းအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး မိမိတို့၏ အားကစားစွမ်းရည်နှင့် အားကစားစိတ်ဓာတ်ကို ထုတ်ဖော်ပြသနိုင်ရန် အစွမ်းကုန် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

အားကစားပြိုင်ပွဲများတွင် မိမိတို့၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့် အယူအဆ၊ မှန်ကန်မြန်ဆန်သောဆုံးဖြတ်ချက်တို့ဖြင့် ပေါင်းစပ်အသုံးချ ယှဉ်ပြိုင်မည်ဆိုလျှင် အောင်ပွဲဆင်နိုင်ကြမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့် ဖွန်လအတွင်း ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိခဲ့ကြသည့် မြန်မာအားကစားအဖွဲ့များကို နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနား ခမ်းနားစွာကျင်းပပြီး ထိုက်ထိုက်တန်တန် ဂုဏ်ပြုခဲ့ကြောင်း။

ပြိုင်ပွဲဝင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များအနေဖြင့် အားကစားစည်းမျဉ်းစည်းကမ်းများနှင့်အညီ အားကစားစိတ်ဓာတ်အပြည့်အဝထားရှိကာ တရားသောနည်းလမ်းများနှင့်အတူ ယှဉ်ပြိုင်အနိုင်ယူကြရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ကြပါစေ၊ နိုင်ငံ၏ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ပေးနိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက မြန်မာတက္ကသိုလ်အားကစားအဖွဲ့ခေါင်းဆောင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်းထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကိုအပ်နှင်းသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အကြိမ် (၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာတက္ကသိုလ်အားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အကြိမ် (၂၀) မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာတက္ကသိုလ်အားကစားအဖွဲ့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အကြိမ်(၂၀) မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာတက္ကသိုလ်အားကစားအဖွဲ့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာ့ဘောလုံးအားကစား အဆင့်အတန်းကို တိုးတက်မြင့်မားလာစေရေးနှင့် သွေးသစ်လူငယ် ဘောလုံးသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ ဘောလုံးအားကစားသမားများအချင်းချင်း သွေးစည်းညီညွတ်မှုရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲကို ကျင်းပပေးရခြင်းဖြစ်ကြောင်း။

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် အရှေ့တောင်အာရှနှင့် အာရှဒေသ နယ်ပယ်တွင် အောင်မြင်စွာ ရပ်တည်နိုင်ရေးသည် ပြည်သူတစ်ရပ်လုံး၏လိုလားချက်ဖြစ်သကဲ့သို့ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၏ ရန်မှန်းချက်တစ်ရပ်အဖြစ်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာဘောလုံးအသင်း အောင်မြင်မှုရရှိနိုင်ရန် မြန်မာ့လက်ရွေးစင်လူငယ်များကို ကျောထောက်နောက်ခံအဖြစ် အင်အားအများဆုံးဖြည့်တင်းပေးနိုင်မည့် ပြည်နယ်နှင့်တိုင်းဒေသကြီး လူငယ်ဘောလုံးပြိုင်ပွဲများကို မိမိတို့ဌာနအနေဖြင့် စဉ်ဆက်မပြတ် ကျင်းပပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ဘောလုံးအားကစား ပြန်လည်အောင်မြင်မှုရရှိရန် အရေးကြီးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အောင်နိုင်ရေးစီမံချက်ရေးဆွဲကာ အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်မှ အားကစားကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အားကစားသမားများအနေဖြင့်လည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိရိုသေပြီး နိုင်ငံဂုဏ်သိက္ခာကျစေမည့် ပြုမူဆောင်ရွက်မှုမျိုး မပြုလုပ်မိစေရန် အထူးမှာကြားလိုကြောင်း။

ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝနှင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန်၊ ဒိုင်လူကြီးများကလည်း ဘက်လိုက်မှုကင်းရှင်းပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာ ဆုံးဖြတ် ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်က အားထားရမည့် ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာအောင် ယှဉ်ပြိုင် ကစားသွားကြရန် တိုက်တွန်းမှာကြားကာ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ပွဲစဉ်အဖြစ် နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။



၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁) နှင့် ကွင်းအမှတ် (၃) တို့၌ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းမှ အားကစားသမား စုစုပေါင်း ၃၂၅ ဦးတို့က ယှဉ်ပြိုင်ကစားကြမည်ဖြစ်သဖြင့် ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသူ မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး “တတိယအကြိမ်မြောက် တရုတ်-အာဆီယံ တရားရေးဖိုရမ်” တက်ရောက်

## ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ပိုမိုကောင်းမွန်သောတရားစီရင်ရေးဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးနိုင်ရန် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီးပွားရေးနှင့်ကုန်သွယ်မှု စည်းမျဉ်းအသစ်များကို အရှိန်မြှင့်ဆောင်ရွက်ရေးဆွေးနွေး




(၂၀-၇-၂၀၂၂) ရက်နေ့ "တတိယအကြိမ်မြောက် တရုတ်-အာဆီယံ တရားရေးဖိုရမ်" သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်

နေပြည်တော် ဇူလိုင် ၂၀

အာဆီယံနှင့် တရုတ်နိုင်ငံအကြား မိတ်ဖက်ဆောင်ရွက်မှုများ ပိုမိုလွယ်ကူတိုးတက်စေရန်နှင့် တရားရေးဆိုင်ရာ အတွေ့အကြုံဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရန်အတွက် တတိယအကြိမ်မြောက် တရုတ်-အာဆီယံ တရားရေးဖိုရမ် (The 3rd China-ASEAN Justice Forum) ကို ယနေ့နံနက် ၈ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အွန်လိုင်းဖြင့် တက်ရောက်သည်။

ယင်းဖိုရမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားရုံးချုပ် (Supreme People's Court of China- SPC) က ကြီးမှူး၍ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့တရားလွှတ်တော်က ပံ့ပိုးကူညီကျင်းပခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားရုံးချုပ်မှ တရားသူကြီးချုပ် Zhou Qiang၊ အာဆီယံ ၁၀ နိုင်ငံမှ တရားသူကြီးချုပ်များနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ယင်းနောက် ဖိုရမ်ကိုဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် အာဆီယံ ၁၀ နိုင်ငံမှကိုယ်စားလှယ်များက ဖိုရမ်၏ဆောင်ပုဒ်ဖြစ်သည့် “၂၁ ရာစုပိုးလမ်းမကို ပူးတွဲတည်ဆောက်ဖို့ တရားရေးဆိုင်ရာ အဆင့်မြှင့်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြပါစို့” နှင့်အညီ တရားစီရင်ရေးနှင့် ဆက်နွှယ်သော ဘာသာရပ်ခေါင်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး အကြံဉာဏ်များ ဖလှယ်ကြသည်။

ဖိုရမ်တွင် အဓိကအားဖြင့် “ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ပိုမိုကောင်းမွန်သော တရားစီရင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးနိုင်ရန် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီးပွားရေးနှင့်ကုန်သွယ်မှု စည်းမျဉ်းအသစ်များကို အရှိန်မြှင့်ဆောင်ရွက်ရေး”၊ “အပြည်ပြည်ဆိုင်ရာ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကာကွယ်မှုတိုးတက်စေရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး”၊ “ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် စီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာ အကူအညီပေးရန် နယ်စပ်ဖြတ်ကျော် အွန်လိုင်းတရားစွဲဆိုမှုကို မြှင့်တင်ရေး”တို့နှင့်စပ်လျဉ်း၍ စာတမ်းများ ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် ဖိုရမ်သို့တက်ရောက်လာကြသည့် နိုင်ငံများက တတိယအကြိမ်မြောက် တရုတ်-အာဆီယံ တရားရေးဖိုရမ်၊ နန်နင်းသဘောတူညီချက်ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အတူ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးသောင်းနိုင်နှင့် ဦးသိန်းကိုကိုတို့ တက်ရောက်ကြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမိုးသူဇာဦးတို့က ဖိုရမ်အစီအစဉ်များတွင် စာတမ်းများ ဖတ်ကြားခဲ့ကြသည်။

**သတင်းစဉ်**

# ကျုံပျော်မြို့နယ်၌ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး ဖွင့်ပွဲကျင်းပ

ကျုံပျော် ဇူလိုင် ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ခရိုင်ဦးစီးမှူးရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသန်းအောင်ဆန်းတို့က ခရိုင်ဦးစီးမှူးရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆိုင်းဘုတ်ကို တာဝန်ရှိသူများက အမွှေးနံ့သာရည်များပက်ဖျန်းပေးကာ ရုံးအတွင်း ဝင်ရောက်ကြည့်ရှုကြသည်။

ရုံးဖွင့်ပွဲသို့ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ စိုက်တိုးမြှင့်အဖွဲ့များနှင့် တောင်သူများ တက်ရောက်ခဲ့ကြပြီး ယခုကျုံပျော်မြို့တွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး တိုးချဲ့ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျုံပျော်ခရိုင်တွင်ပါဝင်သော မြို့နယ်များအတွင်းရှိ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်း လိုအပ်ချက်များကို ပိုမိုထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မရှိခဏဓမ္မရောင်ခြည်ကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ဝါဆိုဦးကျောင်းတိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ပဏ္ဍိတအောင်မြေကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်ရှိ ဟော်တော်ကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ရွာလယ်ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုက္ကဒိခေတ်မီစံပြကျေးရွာ၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ဘားအံ ဇူလိုင် ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၀) စက်မှုလယ်ယာစခန်း ဘားအံမြို့မှ ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ် မုက္ကဒိခေတ်မီစံပြကျေးရွာ တောင်သူဦးစောတိုးလှိုင်၏ လယ်နှစ်ကေ၌ ကျင်းပသည်။



**ကြည့်ရှုအားပေး**

အဆိုပါ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုလယ်ယာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ မုက္ကဒိခေတ်မီစံပြကျေးရွာ၊ ဖားန္ဒဲ့ကျွန်း၊ ခဲတောက်ကျေးရွာများမှ တောင်သူလယ်သမားများတက်ရောက်ခဲ့ကြပြီး အမှတ်(၂၀)စက်မှုလယ်ယာစခန်းမှ ပျိုးဖျာလိပ်နည်းစနစ်ဖြင့် ပျိုးထောင်ထားသော စပါးပျိုးပင်များအား ကူဘိုတာခြောက်တန်းသွား ကောက်စိုက်စက်နှစ်စီးဖြင့် မိုးစပါးစိုက်ပျိုးခြင်းအား လေ့လာကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါကောက်စိုက်စက်သည် လယ်တစ်ကေကို တစ်နာရီခန့်သာ စိုက်ပျိုးချိန် ကြာမြင့်မည်ဖြစ်ပြီး လယ်ယာလုပ်ငန်းခွင် လုပ်သားရှားပါးခြင်းကို ဖြေလျှော့နိုင်မည်ဖြစ်ကာ ဒေသခံတောင်သူများအနေဖြင့် ကောက်စိုက်စက်ဝယ်ယူသုံးစွဲလိုပါက လက်ငင်းငွေကျပ် သိန်း ၃၀၀ ကျော် ကျသင့်မည်ဖြစ်ပြီး အရစ်ကျစနစ်အနေဖြင့်လည်း ဝယ်ယူရရှိနိုင်ကာ ၄င်းရမ်းသုံးစွဲမည်ဆိုပါက လယ်တစ်ဧကစိုက်ပျိုးစရိတ် ငွေကျပ် ၃၆၀၀၀ ကုန်ကျမည်ဖြစ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လျှောက်သောလမ်း ဖြောင့်ဖြူး၍ ပွင့်သောပန်းတိုင်း လန်းစေမည်

အမောင်(မြန်မာပြည်သား)၊ အေးကျော်(ရှုပဗေဒ)

(ယမန်နေ့မှအဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ ရုရှားနိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်မှာ ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၁၆ ရက်နေ့ထိ ဖြစ်ပြီး ရက်ကာလအားဖြင့် များပြားသည်တော့မဟုတ်။ အလုပ်သဘောခရီးစဉ်ဖြစ်သည့်အတွက် ရသည့်အချိန်ကာလတိုအတွင်း တွေ့ဆုံရမည့်သူများနှင့် တွေ့ဆုံ၊ ဆွေးနွေးသင့်သူများနှင့် ဆွေးနွေး။ လေ့လာရမည့်နေရာများအား လေ့လာရသည်။ ၎င်းအပြင် အနာဂတ်မြန်မာနိုင်ငံတော်ကြီးအား တည်ဆောက်ရာတွင် နယ်ပယ်ပေါင်းစုံမှ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်စေလွှတ်ထားသည့် ပညာတော်သင်ကျောင်းသားများကိုလည်း လိုအပ်သည့်လမ်းညွှန်ဩဝါဒကို ပေးရသည်။

ရုရှားနိုင်ငံရှိ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်အသီးသီး၌ ပညာတော်သင်များအဖြစ် တက်ရောက်လျက်ရှိသည့် နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများကြား၌ အမိမြန်မာပြည်မှလည်း အများအပြားပါဝင်သည်။ အလှမ်းဝေးကွာလွန်းသည့် နိုင်ငံရပ်ခြားသို့ ပညာတော်သင်အဖြစ် လာရောက်ကြသူများဖြစ်၍ သူတို့လည်း အမိမြေကို လွမ်းကြသည်။ တမ်းတတတ်ကြသည်။ မိဘဆွေမျိုးနှင့် အသိုင်းအဝိုင်းများကို ခေတ္တခွဲခွာ၍ ပညာသင်အဖြစ် လာခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံမှ သတင်းစကားကိုကြားလိုသည်။ မြန်မာပြည်၏ ဒေသထွက်အစား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အစာလေးများကို တမ်းတလိုသည်။ မိမိတို့အကြီးအကဲ၏ ဩဝါဒကိုလည်း နာခံလိုသည်။ ထိုသို့သောလိုလားချက်များအပေါ် မိဘအရာ၌ ရှိနေသည့် အကြီးအကဲသဘောပေါက်သည်။ အမိမြန်မာပြည်မှ ဝေးကွာနေသည့် ကာလအတွင်း မြန်မာမှုလက်ရာမွှန်မုန့်ဟင်းခါးနှင့် ရုရှားမြေတွင် ရှာဖွေမရနိုင်သည့် မြန်မာနိုင်ငံထွက် စားသောက်ဖွယ်ရာများကို လေယာဉ်ဖြင့် တစ်ပါတည်း ယူဆောင်ခဲ့သည်။ မြန်မာ့အစားအစာကို ငံ့လင့်နေကြမည့် ပညာတော်သင်များကို အချိန်ရှည်စောင့်ဆိုင်းနေရန် မလိုစေရ။ လေယာဉ်ဆိုက်ရောက်သည်နှင့် သက်ဆိုင်ရာကျောင်းများအလိုက် တာဝန်ခံများမှတစ်ဆင့် ပါရှိလာသည့် မြန်မာမှု စားသောက်ဖွယ်ရာများနှင့် မုန့်ဟင်းခါးများအား ချက်ချင်းခွဲဝေစေ၍ ကျောင်းအလိုက် ချက်ပြုတ်ကျွေးမွေးစေသည်။ အကြီးအကဲ၏ စေတနာကား ပညာတော်သင် ကျောင်းသားများ၏ မျက်နှာထက်ရှိ အပြုံးတွင် ပိုမိုလှပနေမည်ဟု ထင်ပါသည်။ ဤသည်ကား တာဝန်အဖြစ် သတ်မှတ်မထားသည့်တိုင် အကြီးအကဲတည်းဟူသော အရိုက်အရာကို ယူထားသည့်အတွက် ဝတ္တရားရှိသည်ဟူသော မိဘသဖွယ် စိတ်ဓာတ်ဖြင့် ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ဧည့်ခန်းမဆောင်၌ ပညာတော်သင်အရာရှိများအား ဩဝါဒအမှာစကားပြောကြားအပြီးတွင်လည်း မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ရာ ကျောင်းအလိုက် တာဝန်ခံများက ဝမ်းပန်းတသာ လက်ခံရယူကြသည်။ ဩဝါဒအမှာစကားပြောကြားရာတွင် ဘာသာတရားနှင့် ပတ်သက်၍ ဗုဒ္ဓအဆုံးအမတရားတော်များနှင့်အညီ မေတ္တာတရားကို လက်ကိုင်ထား၍ မှန်ကန်စွာ ပြောဆိုနေထိုင်ရန်ဖြင့် ဩဝါဒစကားကို စတင်သည်။ အကြီးအကဲ၏ ဘာသာတရားအပေါ် အလေးအနက်ထားမှု၊ တပည့်သားသမီးအပေါ် မိဘ၊ ဆရာသမားအနေဖြင့် ကရုဏာထားမှုတို့က ထင်ရှားလွန်းလှသည်။ မိမိနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေ ဖြစ်ပေါ်ပြောင်းလဲနေမှု၊ တိုးတက်ဖြစ်ထွန်းနေမှု၊ ပါတီအဖွဲ့အစည်းအချို့၏ နိုင်ငံတော် အချုပ်အခြာအာဏာကို မတရားရယူရန် ကြိုးပမ်းခဲ့သည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား Republic of the Tatarstan ကာဇန်မြို့ ကာဇန်လေဆိပ်၌ တာဝန်ရှိသူတို့က ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများနှင့်အညီ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ခေတ္တရယူထိန်းသိမ်းခဲ့ရသည့် အခြေအနေများကိုလည်း ထည့်သွင်းရှင်းလင်းသည်။

နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့ကို မလိုလားသည့် အဖွဲ့အစည်းအချို့နှင့် ပြည်ဖျက်မီဒီယာအချို့၏ လှုပ်ရှားလုပ်ဆောင်နေမှုအချို့တို့ကို ပညာတော်သင် ကျောင်းသားများလည်း သတိပြုမိဟန်ရှိသည်။ အကြီးအကဲ၏ ဩဝါဒစကားအပေါ် လေးနက်တည်ကြည်စွာ နားစွင့်နေမှုများက သက်သေဖြစ်မည်ထင်သည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်မှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အား စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်း အကျယ်တဝင့်ရှင်းလင်း၍ ဩဝါဒစကားတွင် ထည့်သွင်းပြောကြားသည်။ လက်ရှိပညာတော်သင်များနှင့် ပတ်သက်၍ အကြီးအကဲ၏ အလေးအနက်ထားမှု၊ ဖြည့်ဆည်းပေးထားမှုများအတွက် လမ်းညွှန်မှုပြုရာတွင် အခြားသူများနှင့် နှိုင်းယှဉ်ပါက အဘက်ဘက်မှ မနိမ့်ကျစေရေး ကဏ္ဍပေါင်းစုံမှ ကြိုးစားနေရန်လိုအပ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်သည် နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံအကျဆုံးရင်းမြစ်ဖြစ်သည့်အတွက် ယခုသင်ကြားနေသည့် ပညာရပ်များအလိုက် အပတ်တကုတ် ကြိုးစားလေ့ကျင့်သွားရန် လိုအပ်ကြောင်း၊ ပညာတော်သင်များအား တစ်ဦးတစ်ယောက်ချင်းစီအတွက် တပ်မတော်မှ အကုန်အကျများစွာကျခံ၍ ဆောင်ရွက်ပေးထားခြင်းဖြစ်သည့်အတွက် တပ်မတော်သားများပီပီ စည်းကမ်းကို လေးစားလိုက်နာ၍ ကြိုးစားသင်ယူသွားရန် လိုအပ်ကြောင်း မှာကြားသည်။ အကြီးအကဲ၏ စေတနာစကား လမ်းညွှန်ဩဝါဒမှာ အဓိပ္ပာယ်များစွာပါသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းမှသည် တပ်မတော်နှင့် နိုင်ငံတော်အတွက် တိုးတက်စေလိုမှု၊ ဘာသာတရားအပေါ် ယုံကြည်ကိုးစားစေလိုမှုတို့ဖြင့် ပြည့်လျှမ်းလျက်ရှိနေသည်မှာ အထင်အရှားပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်သည် ရည်ရွယ်ချက်၊ ရည်မှန်းချက် အများအပြားဖြင့် ဆောင်ရွက်ခဲ့သည်ဆိုလျှင် မှားမည်မထင်။ ခရီးစဉ်အတွင်း အစိတ်အပိုင်းတစ်ခုအဖြစ် တာတာစတန်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး ဒေသစံတော်ချိန် ညနေပိုင်းတွင် Republic of the Tatarstan ကာဇန်မြို့ ကာဇန်လေဆိပ်သို့ ရောက်ရှိကြရာ Republic of the Tatarstan အကြီးအကဲ Mr. Rustam Nurgaliyevich Minnikhanov ဦးဆောင်သည့် ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူတို့က ကြိုဆိုကြသည်။ အကြီးအကဲ၏ကြီးမြတ်မှုကို အလေးအနက်ပြုမှုအဖြစ် ကော်ဇောနီအား စနစ်တကျခင်းကျင်း၍ ဖက်လဲတကင်းဖြင့် ရင်းရင်းနှီးနှီး လှိုက်လှဲစွာဖြင့် ကြိုဆိုခဲ့သည်။

စာမျက်နှာ ၇ သို့ ❖

> လူ့စွမ်းအားအရင်းအမြစ်သည် နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံအကျဆုံးရင်းမြစ်ဖြစ်သည့်အတွက် ယခုသင်ကြားနေသည့် ပညာရပ်များအလိုက် အပတ်တကုတ် ကြိုးစားလေ့ကျင့်သွားရန် လိုအပ်ကြောင်း၊ ပညာတော်သင်များအား တစ်ဦးတစ်ယောက်ချင်းစီအတွက် တပ်မတော်မှ အကုန်အကျများစွာကျခံ၍ ဆောင်ရွက်ပေးထားခြင်းဖြစ်သည့်အတွက် တပ်မတော်သားများပီပီ စည်းကမ်းကို လေးစားလိုက်နာ၍ ကြိုးစားသင်ယူသွားရန် လိုအပ်ကြောင်း မှာကြား

❖ စာမျက်နှာ ၆ မှ
၎င်းအပြင် ဒေသ၏ရိုးရာဓလေ့ထုံးတမ်းစဉ်လာတစ်ခုဖြစ်သည့် ဧည့်သည်အကြီးအကဲအတွက် ရည်ရွယ်၍ လတ်တလောပြုလုပ်ထားသည့် ပေါင်မုန့်ကို ဒေသ၏အစဉ်အလာနှင့်အညီ ဦးဦးဖျားဖျား ဦးချ၍ ဧည့်ခံသည်။ အပြန်အလှန် ရိုသေလေးစားမှု၊ ယုံကြည်မှုတို့ကို ဖော်ညွှန်းသည့် ဒေသ၏အစဉ်အလာကား ချစ်စဖွယ်ပင်။

တာတာစတန်ပြည်နယ်သည် ရုရှားနိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ယဉ်ကျေးမှုဗဟိုဒေသအဖြစ် တည်ရှိသည်။ ယဉ်ကျေးမှုဗဟိုဒေသဟု သတ်မှတ်ခံထားရသည်မှာလည်း ထူးတော့မထူးဆန်းလှ။ များပြားလှစွာသော ရှေးဟောင်းအဆောက်အအုံများ၊ လမ်းများ၊ ပန်းခြံများ စသည်ဖြင့် ယခုကာလအထိ အသက်ဝင်နေဆဲ။ တာတာစတန်ပြည်နယ်သို့ ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိချိန်တွင်လည်း ရောက်ရှိသည့် ညပိုင်း၌ပင် တွေ့ဆုံဆွေးနွေးရေးကို စတင်လုပ်ဆောင်သည်။ တာတာစတန်ပြည်နယ်၏ အကြီးအကဲဖြစ်သူ Mr. Rustam Nurgaliyevich Minnikhanov နှင့် ၎င်း၏ ရုံးခန်းတွင် တွေ့ဆုံဆွေးနွေးသည်။ နိုင်ငံအတွက် အလုပ်သဘော ခရီးထွက်ခဲ့သည်မို့ ဆွေးနွေးချက်များမှာ နိုင်ငံတော်အတွက် အကျိုးပြုမည့် အကြောင်းအရာများသာ၊ မြန်မာနှင့် တာတာစတန်တို့ကြား စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ရှိရင်းစွဲဆက်ဆံရေး အခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မည့် စီးပွားရေးကဏ္ဍများ ပိုမိုတွင်ကျယ်လာစေရေးအတွက် ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့တွင် တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများကို အကျေအလည် ဆွေးနွေးကြသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ တင်ပို့မှု စသည့် အကြောင်းအရာများကိုလည်း ထည့်သွင်းဆွေးနွေးကြရာ လောင်စာများအား ဖူလုံစွာ ပိုင်ဆိုင်နိုင်မှု၊ ရလာမည့် အခြေအနေကို အကဲဖြတ်မိသည်။ မင်္ဂလာမည်သည့် သတင်းဟုဆိုလျှင် မှားမည်မဟုတ်ပေ။ အလားတူ နိုင်ငံအတွင်းရှိ ပြည်သူလူထုများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်စေမှု၊ စီးပွားရေးတိုးတက်လာစေမှု စသည့် အကျိုးတရားများ ရရှိလာစေမည့် စက်ရုံအလုပ်ရုံများ တည်ဆောက်ခြင်း၊ စက်ပစ္စည်းများ တပ်ဆင်ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်း ဆွေးနွေးကြရာ အကြီးအကဲ၏ စိတ်စေတနာ၊ ဖြစ်ထွန်းစေလိုသော ဆန္ဒတို့ကို သတိပြုမိသည်။ အခြားသော ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးအစရှိသည့် ကဏ္ဍအသီးသီးကိုလည်း ဆွေးနွေးကြရာ အကြောင်းအရာများပြားသည့်တိုင် တစ်ခုချင်းစီသော အကြောင်းအရာတိုင်းအတွက် ချက်ကျလက်ကျဖြင့် ခင်မင်ရင်းနှီးစွာ အချိန်ယူဆွေးနွေးကြသည်များမှာ အားရဖွယ်ကောင်းလှသည်။ နိုင်ငံ့အရေးအတွက် တွင်တွင်ကျယ်ကျယ်ဖြင့် အပြန်အလှန် ပြောဆိုဆွေးနွေးလိုက်ကြသည်မှာ ရုရှားစံတော်ချိန် ည ၁၁ နာရီထိုးလုထိုးခင်အထိ ဖြစ်ခဲ့ပြီး ညစာ စားချိန်နောက်ကျခဲ့သည်မှာလည်း ခရီးစဉ်အတွင်း အမှတ်တရဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။

တာတာစတန်ပြည်နယ်အတွင်း ရောက်ရှိနေစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် PJSC “Tatneft” ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr. Nail Ultatovich MAGANOV နှင့် တာဝန်ရှိသူများက တင်ပြသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်လိုသည့် အခြေအနေနှင့် နိုင်ငံအတွက် လိုအပ်မည့်လောင်စာဆီအားဖြည့်ဆည်းဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်း ဆွေးနွေးခဲ့သည်။ နိုင်ငံတစ်ခုတည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်မည့် လောင်စာဆီကိစ္စအား ယခုကဲ့သို့ အလေးထားညှိနှိုင်းဆွေးနွေးနေသည်ကပင် အကြီးအကဲ၏ စေတနာအား တန်ဖိုးဖြတ်ရန် မလွယ်သည်ကို မှန်းဆနိုင်သည်။

တာတာစတန်ပြည်နယ်အတွင်း ရောက်ရှိနေသည့် ကိုယ်စားလှယ်အဖွဲ့သည် ရောက်နေသည့် ကာလအတွင်း မြန်မာအတွက် အကျိုးရှိမည့် အချက်အလက်၊ အကြောင်းအရာများကို အပြည့်အဝယူဆောင်သွားလိုသည့် သဘောရှိသည်။ ရသရွေ့သော အချိန်ကာလအတွင်း Kazan Hi-Technology Park(IT Park) ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဘာသာရပ်ဆိုင်ရာသင်ကြားလေ့ကျင့်ပေးနေမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှုအခြေအနေများ၊ လိုအပ်သည့် နည်းပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေများ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် Smart House နည်းပညာအပါအဝင် လုံခြုံရေး၊ ထိန်းချုပ်ရေးတို့နှင့် အခြားနည်းပညာရပ်ပိုင်းဆိုင်ရာများ တပ်ဆင်မှုများကို ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို သွားရောက်လေ့လာသည်။ ထို့ပြင် ၁၈၀၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် Kazan Federal University (Kazan State University)၊ ၁၉၅၉ ခုနှစ်ကတည်းက ဖွင့်လှစ်ခဲ့သော ကာဇန်မြို့၏ State Museum of Fine Arts၊ တာတာစတန်သမ္မတနိုင်ငံ၏ အမျိုးသားစာကြည့်တိုက်တို့သို့ သွားရောက်လေ့လာ၍ ၎င်းတို့မှ အမိမြန်မာပြည်အတွက် ပြုပြင်ရန်ရှိ ပြုပြင်၍ အတုယူသင့်က အတုယူရန် အသေးစိတ်လေ့လာသည်။

ထိုမှသည် Kazan Aircraft Production Association သို့ ရောက်ရှိစဉ် အကြီးအကဲ၏ ပုံပန်းသွင်ပြင်ကား ပိုမိုသွက်လက်လွန်းလှသည်။ တာဝန်ရှိသူတစ်ဦး၏ ရဟတ်ယာဉ်ထုတ်လုပ်မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြမှုအား လေးလေးနက်နက် စိတ်ပါဝင်စားစွာ နားထောင်သည်။ မေးခွန်းပေါင်းများစွာနှင့် မေးမြန်းဆွေးနွေးသည်။ စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ကအစ လေ့လာသည်။ Simulator ဖြင့် ရဟတ်ယာဉ်စမ်းသပ်မောင်းနှင်ခြင်းကို ကိုယ်တိုင်စမ်းသပ် မောင်းနှင်သည်။ ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးသာမက ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင်ပါ တွင်ကျယ်စွာ အသုံးပြုရန်အတွက် ရဟတ်ယာဉ်၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသည်ကို သတိပြုထားဟန်ရှိသည်။ HIMGRAD Industrial Complex တွင်လည်း စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်ထားသည့် ကုန်ကြမ်းပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ဆေးပစ္စည်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ၊ လျှပ်စစ်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတ်မြေဩဇာနှင့် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်နေမှု၊ ဖြန့်ဖြူးမှုတို့ကို လေ့လာခဲ့တာတွေ့ရပြန်သည်။

မနားမနေသော ခရီးစဉ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ၏ အထင်ကရမြို့တော်၊ တစ်နည်းအားဖြင့် ရုရှားနိုင်ငံ၏ မြို့တော်ဟောင်းဖြစ်သည့် စိန့်ပီတာစဘတ်သို့ ခရီးဆက်ခဲ့ရာ စိန့်ပီတာစဘတ်မြို့ ပူကောဗာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်နယ်အစိုးရအဖွဲ့မှ မြို့ပြင်ပဆက်ဆံရေးတာဝန်ခံ Mr. Evgeniy D.GRIGORIEV နှင့် တာဝန်ရှိသူများက ကော်ဇောနီခင်းကာ နိုင်ငံတော်အဆင့်ဖြင့် ရိုသေလှိုက်လှဲ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ သို့ ■


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် Republic of the Tatarstan အကြီးအကဲ Mr. Rustam Nurgaliyevich Minnikhanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များအား စိန့်ပီတာစဘတ်မြို့ ပူကောဗာအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁၉) ကြိမ်မြောက်နှင့် အကြိမ် (၂၀) မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များတွင် တက္ကသိုလ် (ဗုဒ္ဓဓမ္မ)သင်တန်း အသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပသင်တန်းသားများ ဘွဲ့လက်မှတ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းများနှင့်အညီ ကျင်းပသည်။



## ကြွရောက်တော်မူ

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒမထေရ်မြတ် အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ သင်ကြားသီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘွဲ့ရပြည်ပနိုင်ငံများမှ သက်ဆိုင်ရာ သံအမတ်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံအသီးသီးမှ ဘွဲ့ရသင်တန်းသားများ ကြွရောက်တော်မူကြသည်။

အစီအစဉ်အရ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ သာရဏီယအဖွင့်ဩဝါဒကထာကို ဆရာတော်ကြီး၏ ကိုယ်စား အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပရိယတ္တိမဟာဌာန၊ ဌာနကြီးမှူးဆရာတော် ဒေါက်တာဘဒ္ဒန္တနောဓိဉာဏက ဖတ်ကြားတော်မူသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဂုဏ်ယူဝမ်းမြောက်စကား လျှောက်ထားသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ဘွဲ့ရကျောင်းသားများအား တက္ကသိုလ်အဓိဋ္ဌာန် အမေး / အဖြေပြုပြီး သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၂ ပါး/ဦးတို့အား ဘွဲ့နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းတော်မူသည်။

## မြွက်ကြားချီးမြှင့်တော်မူ

ဆက်လက်၍ ပညာရည်ချွန်ထူးချွန်ဆုအဖြစ် ပါမောက္ခချုပ်ဆရာတော်က ချီးမြှင့်တော်မူသည့် တစ်ကျပ်သားရွှေစင်ရွှေပြား (Gold Medals) များကို သက်ဆိုင်ရာ ပညာသင်နှစ်အလိုက် ဆွတ်ခူးရရှိကြသည့် ထူးချွန်ရွှေတံဆိပ်ဆုရှင် (Gold Medalist) များဖြစ်ကြသည့် ဗီယက်နမ်နိုင်ငံသူ (သီလရှင်) Mai Thi Huyen နှင့် ဩစတြေးလျနိုင်ငံသူ Ms. Myat Thet တို့ကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပါမောက္ခချုပ်ဆရာတော်က **“ဘွဲ့မှတ်တမ်းမော်ကွန်းစာအုပ်”** တွင် လက်မှတ်ရေးထိုးတော်မူပြီး ဘွဲ့ရကျောင်းသားများသို့ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံများနှင့် ပြည်တွင်းမှ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်သင်ကြားလျက်ရှိကာ ယနေ့အချိန်အထိ တက္ကသိုလ်သို့ တက်ရောက်အောင်မြင်ခဲ့သော ပြည်တွင်း၊ ပြည်ပသင်တန်းသားများမှ ပါရဂူဘွဲ့ရရှိသူ ၄၀၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၂၂၉ ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၈၀၄ ပါး/ဦး၊ ဒီပလိုမာအောင်လက်မှတ်ရရှိသူ ၁၂၁၁ ပါး/ဦး စုစုပေါင်း ၂၂၈၄ ပါး/ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပြည်တွင်း၊ ပြည်ပ သင်တန်းသား စုစုပေါင်း ၂၄၀ တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၇ မှ

စိန့်ပီတာစဘတ်မြို့သို့ရောက်ရှိစဉ် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲ Mr.Alexander Beglov နှင့် အဖွဲ့ဝင်များကို တွေ့ဆုံဆွေးနွေးရာတွင်လည်း နိုင်ငံအတွက်ထားရှိသည့် စိတ်စေတနာကို မြင်ခွင့်ရသည်။ စိန့်ပီတာစဘတ်မြို့တွင် မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံး အမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် State level ၊ Regional level ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးသည်။ ရုရှားနှင့် မြန်မာနှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုမှာ များပြားလွန်းလှသည့် အခြေအနေဖြစ်သည့်အတွက် ပိုမို၍ လျင်မြန်သော လှုပ်ရှားဆောင်ရွက်မှုတို့ ဖြစ်လာစေရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်ရန် ဆောင်ရွက်နေခြင်းသည် ခေတ်စကားအရဆိုလျှင် တစ်ကွက်ရွှေ့လိုက်သည် ဟုပင် ဆိုနိုင်ပေသည်။ ဆွေးနွေးမှုများတွင် နှစ်နိုင်ငံ၏လက်ရှိနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကိုလည်း ထည့်သွင်းပြောကြားခဲ့ရာ နယ်ပယ်စုံသော ဆွေးနွေးမှုဟုဆိုလျှင် မှားမည်မထင်ပါ။ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အစိုးရအဖွဲ့ရုံးအတွင်း လှည့်လည်ပြသသည်။ လှည့်လည်ပြသသည့် ရုံးခန်းမှာလည်း ရုရှားနိုင်ငံအတွက် အထင်ကရသမိုင်းရှိခဲ့သည့် ရုံးခန်းဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ လက်ရှိသမ္မတ Vladimir Putin အပါအဝင် အခြားနိုင်ငံ့ခေါင်းဆောင်များအဖြစ် တာဝန်တိုးတက်ထမ်းဆောင်ခဲ့သူများ၏ ရုံးခန်းများကို အမှတ်တရပြခန်းများသဖွယ် ထိန်းသိမ်းပြသထားရှိသည်ကို တွေ့ရသည်။ သမိုင်းကြောင်းကောင်းသည့်ရုံးအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရှင်းလင်းနေမှုမှာ လေးစားအားကျဖွယ်ပင်ဖြစ်သည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Novosibirsk အစိုးရအဖွဲ့အကြီးအကဲ Mr. Andrey Alexandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။**

## ဝမ်းသာအယ်လဲကြိုဆိုနှုတ်ဆက်ကြ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၁၈၉၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် Polytechnic State University သို့ ရောက်ရှိစဉ်တွင်လည်း တက္ကသိုလ်မှပါမောက္ခချုပ် Mr.Andrey Ivanovich Rudskoy နှင့် တာဝန်ရှိသူများက ဝမ်းသာအယ်လဲ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပါမောက္ခချုပ်က တက္ကသိုလ်၏ လုပ်ဆောင်မှုအခြေအနေများကို ဦးစွာရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံမှ ပညာတော်သင်များ ထပ်မံစေလွှတ်သင်ကြားမည့် အခြေအနေများ၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။ အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်များ၏ ရုရှားမြေတွင် လာရောက်၍ ပညာသင်ကြားနေမှု၊ နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နေမှုများသည် လက်ရှိကာလတွင် တွေ့မြင်နေရသကဲ့သို့ အနာဂတ်ကာလတွင်လည်း စဉ်ဆက်မပြတ်သည့် ဆင့်ကဲမှုဖြစ်စဉ်နှင့်အတူ ရှိနေမည်ကို တွေးထင်မြင်ယောင်၍ ကြည်နူးနေမိပါသည်။

ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုများအား Novosibirsk မြို့ အစိုးရအဖွဲ့အကြီးအကဲ Mr. Andrey Alexandrovich Travnikov နှင့် Higher Command School မှ ကျောင်းအုပ်ကြီး၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် အခြားနယ်ပယ်အသီးသီးမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုနှင့် အဆုံးသတ်သည်။ ဆွေးနွေးမှုများကား မနည်းလှ။ ဒေသဆိုင်ရာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ နှစ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်များ အပြန်အလှန် တင်ပို့ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ခရီးသွားလုပ်ငန်းကိစ္စရပ်များ၊ နိုဗာစီဘစ်ရ်စ်ခ်မြို့နှင့် မြန်မာနိုင်ငံတိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲပျံသန်းနိုင်မည့်အခြေအနေများ၊ ဒေသတွင် အဆင့်မြင့်တက္ကသိုလ် ၂၂ ခုရှိပြီး နိုင်ငံခြားသင်တန်းသားများကိုပါ လက်ခံသင်ကြားပေးလျက်ရှိသည့်အတွက် ပညာရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ သိပ္ပံနှင့်နည်းပညာဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပေးနိုင်ရေးနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍအတွက် လေ့လာနိုင် ရေး စီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ယဉ်ကျေးမှုနယ်ပယ်တွင်လည်း အပြန်အလှန်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ စစ်ဘက်၊ နယ်ဘက်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ကြသည်။ နောက်ဆုံးပိတ် အိတ်နှင့်လွယ်သည့် ဆွေးနွေးချက်များဟုဆိုလျှင်လည်း ရမည်ဟုထင်ပါသည်။

## လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်ကာလအတွင်း လေကြောင်းခရီးစဉ်ပေါင်းရှစ်ခုစီးနင်းခဲ့ပြီး ကီလိုမီတာအားဖြင့် ၁၈၇၃၁ ဒသမ ၈ ကီလိုမီတာ၊ မိုင်အားဖြင့် ၁၁၂၈၃ မိုင်အထိ သွားရောက်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ကာလတိုအတွင်း အထက်ပါအတိုင်း တစ်နေရာမှတစ်နေရာ ဟိုမှသည်သို့ ကူးလူးသွားလာ၍ တွေ့ဆုံဆွေးနွေးမှုများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တက္ကသိုလ်များသို့ သွားရောက်လေ့လာမှုများ ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမျှော်ကိုးဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုသို့ဆွေးနွေးခဲ့သည့်အတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် စစ်ဘက်-နယ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာပိုင်း၊ စိုက်ပျိုးမွေးမြူရေး စသဖြင့် မြန်မာနိုင်ငံသည် ကဏ္ဍပေါင်းစုံတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းကို ပြေးကြည့်စရာမလို တွေးကြည့်ရုံနှင့်ပင် ရာနှုန်းပြည့် သေချာနေတော့မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဘက်မလိုက်သော ကြားနေမှုဝါဒကျင့်သုံးသည့် နိုင်ငံတစ်ခုအဖြစ် ခိုင်မာသည့် မိတ်ဆွေနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၃/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇူလိုင် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ( မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ် (၃/ ၂၀၂၂) အား ၂၅-၇-၂၀၂၂ ရက်မှ ၂-၉-၂၀၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မန္တလေး)** အမှတ်- ၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း(ပုသိမ်)** အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း- ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း (လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရွှာင်)** အမှတ်- ၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှာင်မြို့၊ ဖုန်း- ၀၉-၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# ပညာသင်ထောက်ပံ့ကြေးများပေးအပ်ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်



**ရန်ကုန် ဇူလိုင် ၂၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဝန်ထမ်းများ၏ သားသမီးများအား ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးနှင့် ရိုးရိုးအောင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံးချုပ်စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဂုဏ်ပြုအမှာစကားပြောကြားကာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ထောက်ပံ့ကြေးများနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ သုံးဦးကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သုံးဘာသာ ဂုဏ်ထူးရှင် တစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးကို ဒါရိုက်တာအဖွဲ့ဝင်(၂)က လည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦးကို ဒါရိုက်တာအဖွဲ့ဝင် (၃) မှ လည်းကောင်း၊ ရိုးရိုးအောင်မြင်သူ ၁၇ ဦးကို အမှုဆောင်အရာရှိချုပ်ကလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သာယာဝတီမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှု ဌာနဆိုင်ရာများ ပူးပေါင်း၍ပြုလုပ်

**သာယာဝတီ ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးနိုင်ရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုနှင့် ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၇ နာရီက သာယာဝတီမြို့နယ် လူစည်ကားရာ လမ်းဆုံတို့တွင် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟို ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် သာယာဝတီမြို့နယ် လူစည်ကားရာ လမ်းဆုံ မြန်မာ့စီးပွားရေးဘဏ်ရှေ့နှင့် သုံးဆယ်မြို့မဈေးတို့တွင် မြို့နယ်နေ ပြည်သူများနေအိမ်ပြင်ပသို့ ထွက်ခွာပါက နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်စေရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**သန့်ဇော် (ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီကိုးခုမှ Diminik Oral Powder အခု ၈၀၀၊ Immutil Tablet ၁၄၈၉ ခု၊ Immutil S 360 Tablet အခု ၂၀၀၊ Gressami Tablet အခု ၃၀၀၊ Escigress Tablet အခု ၅၀၀၊ Sobisis Tablet အခု ၂၄၀၊ Sobisis Forte Tablet အခု ၄၂၀၊ Levigress Tablet အခု ၅၀၀၊ Defal Tablet ၂၇၉၈ ခု၊ Bilaxten Tablet အခု ၁၀၀၀၀၊ Cosopt Ophthalmic Solution အခု ၅၀၊ Bivalent Oral Polio Vaccine အခု ၆၀၇၀၀၊ Hepatitis-B Vaccine အခု ၁၃၄၁၀၀၊ Rosadam Tablet အခု ၇၀၀၀၊ Dofec Plus Gel အခု ၅၀၀၀၊ Xpreza Powder For Injection ၃၆၄ ခု၊ Apixaban Tablet ၁၄၃၀၄ ခု၊ Knowvocet Tablet အခု ၁၉၆၀၀၊ Mitzep Tablet အခု ၂၂၀၀၀၊ Telfast Tablet အခု ၂၆၀၊ Valparin Chrono Tablet အခု ၁၉၂၀၊ Zibus Dry Powder For Oral Suspension အခု ၁၃၀၀၀၊ Pegod Tablet အခု ၂၃၄၀၊ Aclowise Sr Tablet ၃၇၂၅ ခု၊ Mesolvin Tablet အခု ၇၀၀၀၊ Cezet Tablet အခု ၁၅၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါး မျိုးစုံ ၁၄ မျိုး စုစုပေါင်း ၁၈၈၂၁ ဒသမ ၉၃ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီ တစ်ခုမှ ၈၉၁၀ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ဖွင့်လှစ်

**ရေတာရှည် ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်း ၁/၂၀၂၂ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုးက အဖွင့်အမှာစကားပြောကြားရာ၌ ကျေးလက်ဒေသနေပြည်သူများအနေဖြင့် ယခုကဲ့သို့ သင်တန်းများကို တက်ရောက်ကြခြင်းအားဖြင့် ကိုယ်တိုင်အလုပ်လုပ်နိုင်ခြင်း၊ ပုံမှန်ဝင်ငွေများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သင်တန်းကာလတွင် စိတ်ပါဝင်စားစွာ လိုလိုလားလားသင်ယူကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းကို ၁၄ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ တက်ရောက်လာသော သင်တန်းသား ၂၀ အတွက် သင်ထောက်ကူပစ္စည်းများကို မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်က ပေးအပ်သည်။

**ကိုလွင်(ဆွာ)**

# (၁၁) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

**The 11th Traditional Medicine Research Congress**

**၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ ၂၇-၂၈ ရက်နေ့**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့ကမော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ-

(က) ခြေကျင်လျှောက်သူများ ဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့်တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင် ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၀

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရောဝတီရေတပ်စခန်းဌာနချုပ်အသင်းက တံခွန်စိုက်ဒိုင်းဆုရရှိ



**နေပြည်တော် ဇူလိုင် ၂၀**

၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ပြုလုပ်ရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားပြီး ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တံခွန်စိုက်ဒိုင်းဆုရရှိသည့် ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းကို ကွပ်ကဲမှုဌာနချုပ်မှူးက လည်းကောင်း၊ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို တာဝန်ရှိသူများကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇူလိုင် ၁၀ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲများ ကျင်းပ




**နေပြည်တော် ဇူလိုင် ၂၀**

ပိုက်ကျော်ခြင်း မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ဝန်ကြီးဌာနအချင်းချင်းအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပရာ ဌာနဆိုင်ရာ အသီးသီးမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ယနေ့ ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက နေပြည်တော်စည်ပင်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသင်းက ပြန်ကြားရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အသင်းက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှု ဝန်ကြီးဌာနအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲများကို ဇူလိုင် ၂၀ ရက်မှ ၂၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ နေ့စဉ် နံနက် ၉ နာရီမှ စတင်၍ အုပ်စုပတ်လည်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ရာ ပိုက်ကျော်ခြင်း အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒလမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းများ ဆော့ဖ်ဝဲဖြင့် ထည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

ဒလ ဇူလိုင် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဦးစီးမှူးရုံး၏ အိမ်ထောင်စု လူဦးရေစာရင်း (ပုံစံ-၆၆/၆) များအား ဆော့ဖ်ဝဲထည့်သွင်းခြင်းလုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ဇူလိုင် ၁၈ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ သတ်မှတ်ရက်အတွင်း လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"အိမ်ထောင်စုလူဦးရေစာရင်း ၄၇၆၅၉ ခုကို သတ်မှတ်ရက် ၄၅ ရက်အတွင်းမှာ ဆော့ဖ်ဝဲထည့်သွင်းခြင်းလုပ်ငန်းပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခု ဆောင်ရွက်နေတဲ့လုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းတွေ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးဝန်ထမ်းတွေနဲ့ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ဒလမြို့နယ်ဦးစီးမှူး ဦးအောင်သင်းကျော်က ရှင်းလင်းပြောကြားသည်။

**သီတာဝင်း(ပြန်/ဆက်)**



**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# အစားအစာပြဿနာ

ဆရာမဲဇာ

ကျွန်ုပ်တို့ လူသားများစားနေသည့် အစာသည် “ဆေး”မဟုတ်ပါ။ ထို့အတူ ဆေးသည်လည်း “အစာ”မဟုတ်ပါ။ အစာထဲတွင် ဆေးများပါလာလျှင် ဒုက္ခတွေ့ပါမည်။ ဆေးပါဝင်မှုများလေလေ ဒုက္ခများလေလေ ဖြစ်ပါသည်။ အသောက်အစားအမျိုးမျိုးကို “ဆေးဖြစ်ဝါးဖြစ်” ခေါင်းစဉ်တပ်၍ စားသောက်နေလျှင် အဆုံးတစ်နေ့တွင် ဒုက္ခဖိစီးခံရကာ ရက်တိုတိုနှင့် အိုနာသေဘေး ဆိုက်ရောက်နိုင်လေသည်။

အစာထဲတွင် သဘာဝအတိုင်းပါဝင်လာသော ဓာတ်ပစ္စည်းအချို့တွင် “ဆေးဖက်ဝင်” သည်မှန်သော်လည်း ဆေးမဟုတ်ပါ။ သဘာဝအာဟာရအဖြစ် လူတို့၏ကျန်းမာမှုကို မြှင့်တင်ပေးခြင်းသာဖြစ်ပါသည်။ ကျန်းမာနေသော လူသားအတွက် အားဆေးမလိုပါ။ ဤစကားသံမှာ အမေရိကန်နိုင်ငံ၌ တွင်တွင်ကျယ်ကျယ် ပြောလာသောစကားပင် ဖြစ်ပါသည်။ အားဆေးဟုခေါ်သော လူလုပ်ဓာတ်ပစ္စည်းများကို ဝယ်ယူစားသုံးရင်း ဒေါ်လာဘီလီယံပေါင်းများစွာ ဖြုန်းတီးနေကြကြောင်း သုတေသီများက ထောက်ပြနေကြပေပြီ။

ငွေပေါသော အနောက်နိုင်ငံသားတို့၏ သုံးဖြုန်းမှုကို မပြောလိုသော်လည်း ငွေရှားသော မြန်မာတို့အတွက် များစွာချင့်ချိန်ရန်လိုအပ်သည့် အသုံးစရိတ်ဟု ဆိုချင်ပါသည်။ ယမန်နှစ်က ကိုဗစ်တတိယလှိုင်းဝင်လာသောအခါ ကျွန်တော်တို့ အတော်ချောက်ချားရပါသည်။ မူရင်းကိုရိုနာဗိုင်းရပ်ထက် ပို၍သေဆုံးမှုများစေသော “ဒယ်လ်တာ” မျိုးကွဲကြောင့် အပြင်းအထန်ဖျားနာ၍ သေကြရပါသည်။ အောက်ဆီဂျင်လို၍သေသူရှိသလို အောက်ဆီဂျင်ရှူနေရင်းက သေသွားရသူများလည်း များလှ၏။

လိုနေသောအောက်ဆီဂျင်များကို အချိန်တိုအတွင်း စီစဉ်လာနိုင်ကြသော်လည်း အမှန်တကယ်မလိုအပ်သော ပစ္စည်းများဖြစ်သည့် ပဲနို့မှုန့်၊ ငှက်သိုက်၊ ကြက်ပေါင်းရည် စသည်များမှာ ဈေးခေါင်ခိုက်၍ သွားတော့၏။ ကြော်ငြာသမားများကလည်း ထိုအစာများကိုသာ ဆေးဖြစ်ဝါးဖြစ် မစားရလျှင် သေဖွယ်ရာရှိသယောင်ယောင် သတင်းလွှင့်ကြ၏။ “ကုရာနတ္ထိ ဆေးမရှိ” သော ဗိုင်းရပ်စ်ပါဟု ပညာပေးလျက်က အရာမရောက်ခဲ့ချေ။

## အရင်းအနှီးကြီး

ဈေးကွက်ထဲတွင် အစာလည်းဆေးဟု သဘောထားကာ ရောင်းချနေသောပစ္စည်းများက ပေးလာသောဒုက္ခများကို သိပ္ပံနည်းကျဖော်ထုတ်ပြရသည့် အလုပ်သည်လည်း လက်ဝင်လှ၏။ အစာဟုခေါ်သော ဆေးများကိုဖြစ်စေ၊ ဆေးဟုခေါ်သော အစာများကိုဖြစ်စေ စစ်ဆေးရသည်မှာ အရင်းအနှီးကြီး၏။ နည်းပညာတိုးတက်ခေတ်မီရန်လိုသည်။ အစားအစာများတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် ရှေ့တန်းက ကာကွယ်ပေးနေသော အစာစစ်ဆေးသူများသည် ကျွမ်းကျင်မှု၊ စေတနာအပြင် အဂတိလိုက်စားမှုကင်းရန်တို့ လိုလေသည်။

“အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ” (National Food safety policy) ကို အကောင်အထည်ဖော်ဆောင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများအားလုံး၊ သက်ဆိုင်သူများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန်၊ မိမိတို့ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာနှင့် လုပ်ငန်းများအောင်မြင်သည်အထိ ကြိုးစားဆောင်ရွက်ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက တိုက်တွန်းမှာကြားခဲ့ကြောင်း ၂၈-၄-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသည်ကို သတိပြုမိပါသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) သည် အတတ်နိုင်ဆုံးကြိုးစား၍ စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းစေရန် စိစစ်ပေးနေသည်ကိုလည်း တွေ့ရပါ၏။ ၂၀၂၂ ခုနှစ်ထဲတွင် ထုတ်ပြန်ချက်အရ ဘေးအန္တရာယ်ဖြစ်စေသော အသားချောင်းများကို ပိတ်ပင်တားဆီးမှုများပြုလုပ်မည့်သတင်းကိုလည်း ဖတ်ခဲ့ရ၏။ FDA စတင်ထူထောင်စဉ်မှအစပြုကာ ယနေ့အထိ ထုတ်ဖော်ခဲ့သော “အစာမှလာသောအန္တရာယ်”များမှာ အတော်ပင်များပြားလှ၏။ ကျန်းမာရေးထိခိုက်စေမည့်ပစ္စည်းများ အစာထဲတွင်ပါဝင်မှု၊ ချည်ဆေး၊ ဆိုးဆေးများထည့်၍အရောင်တင်မှု၊ ရောဂါပိုးများ၊ အဆိပ်အတောက်ဖြစ်စေသော မှိုများကလည်း ဓာတ်သတ္တုများပါဝင်နေမှုတို့ကို ဖော်ထုတ်အရေးယူမှု ပြုလုပ်ခဲ့ကြောင်းလည်း သိရပါ၏။



ရန်ကုန်မြို့အတွင်းရှိ ဈေးများတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ရှောင်တခင်စစ်ဆေးမှုပြုလုပ်စဉ်။

“အစာထဲတွင်ဆေးများပါလာလျှင်ဒုက္ခ” ဟု ကျွန်တော်ဆိုခဲ့ခြင်းသည် အရောင်တင်ဆေး၊ ချည်ဆေး၊ ဆိုးဆေး၊ ကြာရှည်ခံဆေးများထက် ပိုဆိုးသည့်တကယ့်ဆေးများကို ဆိုလိုပါသည်။ အထူးသဖြင့် မွေးမြူရေးလုပ်ငန်းများ၌ တွင်ကျယ်စွာအသုံးပြုလာကြသော ပဋိဇီဝဆေးများသည် တိရစ္ဆာန်များကို ရောဂါမဖြစ်ရန်သုံးသော်လည်း ထိုတိရစ္ဆာန်၏ အသားထဲတွင် ဆေးများပါဝင်နေပါသည်။ အသားကိုမွေးမြူသော တိရစ္ဆာန်များအတွက် အသုံးတည့်လှသော ဟော်မုန်း(Hormones) ဓာတ်များသည်လည်း စားသုံးသူများစားရာ၌ ပါဝင်လာနိုင်သဖြင့် အထူးသတိထားနေရလေသည်။

## သဘာဝလွန်ကြံစည်မှု၏ ဆိုးကျိုးရလဒ်

ကြက်ဥများမှာပင် ခြံထဲမှာလှောင်၍ထားကာ ဆေးဝါးအကူနှင့် မွေးမြူထားသော ကြက်ဥများထက် လွတ်ကျောင်းမွေးမြူထားသော (Free Range) ကြက်များ၏ ဥများကဈေးနှစ်ဆလောက်ပိုပေးမှ စားရပေမည်။ တစ်ချိန်က နာမည်ဆိုးထွက်ခဲ့သော နွားရူးရောဂါ (Mad cow disease)သည်လည်း နွားများကို အသားတိုးရန်အတွက် နွားစာထဲတွင် အသားများရော၍ကျွေးမွေးခဲ့ရာမှ နွားတို့၏ဦးနှောက်တွင် ဂလောင်ပေါက်ဖြစ်ကုန်၏။ ထို အမဲသားကိုစားမိသော လူတို့သည်လည်း ဦးနှောက်ထဲတွင် ပြဿနာဖြစ်ရ၏။ သဘာဝလွန်ကြံစည်မှု၏ ဆိုးကျိုးရလဒ်တစ်ခုလို ဖြစ်ပေမည်။

အစာကိုအာဟာရမဖြစ်စေဘဲ ဘေးအန္တရာယ်ဖြစ်စေသော ပြဿနာများထဲတွင် သဘာဝထက် လူလုပ်ပြဿနာများက အတိုင်းမသိအောင် ဆိုးရွားလှပါသည်။ သို့ဖြစ်၍ အစာကွင်းဆက်နှင့် ပါဝင်ပတ်သက်လာသူမှန်သမျှ “တာဝန်ယူမှု၊ တာဝန်ခံမှု” ရှိရန်လိုလာပါသည်။ ဤကိစ္စသည် ကိုယ်တိုင်ကျင့်ဝတ်နှင့်လည်းဆိုင်၏။ ကိုယ်တိုင်ပြုမူမှုနှင့်လည်း ဆိုင်၏။ စိုက်ပျိုးရေးဆိုင်ရာ ကောင်းမွန်သောကျင့်စဉ်များရှိရသလို မွေးမြူရေးဆိုင်ရာ ကောင်းမွန်သောကျင့်စဉ်များလည်း ရှိရန်လိုပေသည်။

ထိုစိုက်ပျိုးရေးဆိုင်ရာ ကောင်းမွန်သောကျင့်စဉ်များနှင့် မွေးမြူရေးဆိုင်ရာ ကောင်းမွန်သောကျင့်စဉ်များကို မှားယွင်းယူဆ၍ စိုက်ပျိုးနည်း၊ မွေးမြူနည်းဟု သုံးစွဲခဲ့ကြဖူးပါသည်။ နည်းမဟုတ်ပါ။ ကျင့်စဉ်ကျင့်ဝတ်သာဖြစ်ပါသည်။ နည်းဆိုသည်က အမှန်အမှားရှိပါသည်။ အပြောင်းအလဲရှိပါသည်။ ကျင့်စဉ်ကျင့်ဝတ်ဆိုသည်က မပြောင်းမလဲ သစ္စာစွဲ၍ ကျင့်ကြံလုပ်တတ်ရသော ကိစ္စဖြစ်ပါ၏။ မိမိတစ်ယောက်တည်းအတွက် ကျင့်ဝတ်ထားရုံ၊ မိမိနှင့်ပတ်သက်သူအတွက် သစ္စာထားရုံနှင့်မပြီးပါ။ အစာဖြန့်ဖြူးမှုကွင်းဆက်တစ်ခုလုံးအတွက် အဆက်အစပ်ရှိစွာ၊ သစ္စာရှိစွာ၊ ကျင့်ဝတ်သိစွာ ဆောင်ရွက်ရမည့် ဝတ္တရားတစ်ခုပင် ဖြစ်ပါသည်။

အစာကွင်းဆက်နှင့် ပတ်သက်သူမှန်သမျှ “ခြံထဲကနေ ပန်းကန်ထဲအရောက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိ၊ မရှိဆိုသည်ကို သတိထားကြည့်နေရမည့်တာဝန်ကိုလည်း သက်ဆိုင်ရာအစိုးရနှင့် တာဝန်ရှိသူများက တာဝန်ယူရပါသည်။ ဤသို့ဆောင်ရွက်ရာတွင်-

ပထမဦးဆုံး- “အမျိုးအသားအဆင့် အစားအသောက် ဘေးကင်းရှင်းရေးမူဝါဒ”၊

ဒုတိယ- ဆက်စပ်ပါဝင်နေသူများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို ဖြစ်စေမည့် ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များ၊

တတိယ- အစားအသောက်ဘေးကင်းရှင်းရေးအတွက် သစ္စာရှိစွာ ပူးပေါင်းဆောင်ရွက်မည့် အင်အားစုများ လိုအပ်မည် ဖြစ်ပါသည်။

လက်တွေ့တွင် အစားအစာတစ်လုတ် ပါးစပ်ထဲရောက်ရန်အရေးခရခါးတောင်းကျိုက် ဖမ်းဖို့ တွေးနေသည်ဟု မထင်စေလိုပါ။ ကျန်းမာကြံ့ခိုင်သော လူသားရင်းမြစ်များဖြင့် နိုင်ငံတော်ကိုပြန်လည်ထူထောင်ရန်အတွက် အစားအသောက်ဘေးကင်းရှင်းရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူကြိုးစားကြရန် လိုအပ်နေချိန်ဖြစ်ပါသည်။ နိုင်ငံအတွင်းသာမက နိုင်ငံခြားငွေရရှိရေးအတွက်ပါ အရေးကြီးသောလုပ်ငန်း ဖြစ်ပါသည်။

မြန်မာနိုင်ငံထွက် စားသောက်ကုန်များသည် ကမ္ဘာ့အလယ်တွင် မျက်နှာပန်းလှနေရေးအတွက် လက်တွေ့ကြိုးပမ်းမှု အရှိန်အဟုန်မြှင့်တင်ရန် အရေးကြီးသော မူဝါဒတစ်ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

“ယခု မူဝါဒကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အာဆီယံအဖွဲ့တို့၏ အမျိုးသားအစားအသောက်ဘေးအန္တရာယ် ထိန်းချုပ်ရေးစနစ်ဆိုင်ရာ “ဥပဒေသ”များနှင့်လည်း လိုက်လျောညီထွေရှိစေရန် ချမှတ်ထားခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပြီး “တာဝန်ကိုယ်စီရှိသည်”ကို ပြောကြားလိုကြောင်း” လမ်းညွှန်ပေးထားသည်ကိုလည်း အလေးအနက်ထား၍ ဦးစားပေးကြရန် လိုအပ်မည်ဖြစ်ပါသည်။

ကိုယ်တိုင်အမဲလိုက်၍ရလာသော အသား၊ ကိုယ်တိုင်ခြံထဲက ထွက်လာသည့် ကြက်၊ ဘဲ၊ ဥများ၊ ကိုယ့်ခြံစည်းရိုးက ချိုးလာသည့် ဟင်းသီးဟင်းရွက်များနှင့် မပြီးတော့သည့်ခေတ်၌ အစာကွင်းဆက်ထဲတွင် ပါဝင်မိသည်နှင့်အမျှ မျက်စိဖွင့်၊ နားစွင့်သတိထား၍ မိမိတို့၏ ကျန်းမာရေး၊ အသက်ရှည်ရေးအတွက် အဓိကကျသော အစာအာဟာရများ၏ လားရာကို စစ်ဆေးကြည့်ရှုပေးနိုင်မှ တန်ကာကျပေသည်။

တစ်အိမ်တည်း၊ တစ်ရပ်တည်း၊ တစ်ရွာတည်း ကြည့်၍မရတော့ပါ။ တစ်နိုင်ငံတည်း ရပ်တည်၍လည်း မဖြစ်ပါ။ အစားအစာ ဘေးကင်းရှင်းစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာအရပ်ရပ်မှ စားနပ်ရိက္ခာကုန်သွယ်မှုလမ်းကြောင်းများ အားလုံးမှာ အားနည်းချက် မရှိအောင်လုပ်နိုင်မှ အစာမှလာသော ကပ်ရောဂါ မဖြစ်အောင် ကာကွယ်နိုင်ကြမည် ဖြစ်ပါသည်။

ချမ်းသာသောနိုင်ငံများသည် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အဆင်ပြေပြေ ဆောင်ရွက်နေကြသည်ဟု မထင်စေလိုပါ။ သူတို့တွင်လည်း သူတို့ပြဿနာနှင့်သူတို့ ရှိကြပါသည်။ လောလောဆယ်တွင် ကိုယ်နှင့်ဆိုင်သော အစားအစာပြဿနာကို ကိုယ်တိုင်ရှင်းပြီးမှ စလုပ်ကြရန် ရှိပါတော့သည်။ ။

**“ကိုယ်တိုင်အမဲလိုက်၍ရလာသော အသား၊ ကိုယ်တိုင်ခြံထဲကထွက်လာသည့် ကြက်၊ ဘဲ၊ ဥများ၊ ကိုယ့်ခြံစည်းရိုးက ချိုးလာသည့် ဟင်းသီးဟင်းရွက်များနှင့် မပြီးတော့သည့်ခေတ်၌ အစာကွင်းဆက်ထဲတွင် ပါဝင်မိသည်နှင့်အမျှ မျက်စိဖွင့်၊ နားစွင့်သတိထား၍ မိမိတို့၏ကျန်းမာရေး၊ အသက်ရှည်ရေးအတွက် အဓိကကျသော အစာအာဟာရများ၏ လားရာကို စစ်ဆေးကြည့်ရှုပေးနိုင်မှ တန်ကာကျပေသည်။ အစားအစာ ဘေးကင်းရှင်းစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာအရပ်ရပ်မှ စားနပ်ရိက္ခာ ကုန်သွယ်မှုလမ်းကြောင်းများအားလုံးမှာ အားနည်းချက်မရှိအောင်လုပ်နိုင်မှ အစာမှလာသော ကပ်ရောဂါမဖြစ်အောင် ကာကွယ်နိုင်ကြမည်”**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၁၀၂ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၇၃,၅၂၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၈၇၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၇၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၉-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၀၁၂,၆၀၂) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၅,၈၂၈,၇၈၀) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၁၁) ခု | (၄) ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၀၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၉၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၅၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၃၄) ခု | (၁၁) ဦး |
| စုစုပေါင်း | (၅,၁၀၂) ခု | (၁၆) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၉-၇-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၀၁၂,၆၀၂ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၈၂၈,၇၈၀ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၅၂၉၈၆၂ | ၈၆၈၆၁၉၃၉ | ၁၀၄၉၆၈၃ |
| ၂။ | အိန္ဒိယ | ၄၃၈၀၃၆၁၉ | ၄၃၁၃၂၁၄၀ | ၅၂၅၈၂၅ |
| ၃။ | ဘရာဇီး | ၃၃၃၉၈၀၄၀ | ၃၁၇၃၈၁၈၁ | ၆၇၅၉၂၉ |
| ၄။ | ပြင်သစ် | ၃၃၁၆၈၄၉၉ | ၃၀၇၉၉၅၃၄ | ၁၅၀၉၇၉ |
| ၅။ | ဂျာမနီ | ၂၉၉၉၄၆၇၉ | ၂၈၀၁၆၂၀၀ | ၁၄၂၇၇၁ |
| ၆။ | ဗြိတိန် | ၂၃၀၇၅၃၆၀ | ၂၂၄၁၇၆၁၇ | ၁၈၁၅၈၀ |
| ၇။ | အီတလီ | ၂၀၂၉၉၀၁၃ | ၁၈၆၇၅၈၅၉ | ၁၇၀၂၁၃ |
| ၈။ | တောင်ကိုရီးယား | ၁၈၉၃၇၉၇၁ | ၁၈၃၅၄၇၈၇ | ၂၄၇၇၇ |
| ၉။ | ရုရှား | ၁၈၅၀၄၇၂၉ | ၁၇၉၁၉၈၄၃ | ၃၈၁၉၉၇ |
| ၁၀။ | တူရကီ | ၁၅၂၉၇၅၃၉ | ၁၅၀၉၆၇၇၄ | ၉၉၀၈၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၆၃၆၉၄ | ၉၈၃၂၆၄၆ | ၄၃၀၉၁ |
| ၂။ | အင်ဒိုနီးရှား | ၆၁၄၉၀၈၄ | ၅၉၅၇၉၀၈ | ၁၅၆၈၇၅ |
| ၃။ | မလေးရှား | ၄၆၂၉၉၆၃ | ၄၅၅၀၉၄၉ | ၃၅၈၇၀ |
| ၄။ | ထိုင်း | ၄၅၆၅၈၅၄ | ၄၅၁၁၆၂၅ | ၃၁၀၅၃ |
| ၅။ | ဖိလစ်ပိုင် | ၃၇၃၉၁၆၀ | ၃၆၅၇၈၄၁ | ၆၀၆၄၁ |
| ၆။ | စင်ကာပူ | ၁၆၁၆၀၆၇ | ၁၅၀၅၂၄၁ | ၁၄၆၀ |
| ၇။ | မြန်မာ | ၆၁၃၈၇၁ | ၅၉၂၇၆၆ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၆၃၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၈၉၉၀၃ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၅၁၂ | ၁၃၃၃၃၄ | ၃၀၅၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့။**

# ဝန်ကြီးချုပ် ရာနေးလ်ဝစ်ရီမီဆင်ဂီအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်



ကိုလံဘို ဇူလိုင် ၂၀

သီရိလင်္ကာလွှတ်တော်အမတ်များက ဝန်ကြီးချုပ် ရာနေးလ်ဝစ်ရီမီဆင်ဂီအား သမ္မတအဖြစ် ရွေးချယ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရာနေးလ်ဝစ်ရီမီဆင်ဂီက ဇူလိုင် ၂၁ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ပြီး ဝန်ကြီးချုပ်အသစ်ကို ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အစိုးရအဖွဲ့အသစ်အား မကြာမီ ဖွဲ့စည်းမည်ဖြစ်သည်။

ဝန်ကြီးချုပ် ရာနေးလ်ဝစ်ရီမီဆင်ဂီသည် သမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာ ရာထူးမှ နုတ်ထွက်ခဲ့သည့်အချိန်မှစပြီး ယာယီသမ္မတအဖြစ် တာဝန်များထမ်းဆောင်လျက်ရှိသည်။

လွှတ်တော်အစည်းအဝေး၌ လွှတ်တော်အမတ် ၂၂၅ ဦးက သမ္မတရွေးချယ်တင်မြှောက်ရန် မဲခွဲဆုံးဖြတ်ခဲ့ရာ ဝစ်ရီမီဆင်ဂီအား ထောက်ခံသည့်မဲ ၁၃၀ ရရှိခဲ့ကြောင်း သိရသည်။

သို့သော် ဝစ်ရီမီဆင်ဂီသည် ရာဂျာပက်ဆာ မိသားစုနှင့် ရင်းနှီးကျွမ်းဝင်လျက်ရှိသည့်အတွက် ပြည်သူအများစုက ၎င်းအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းကို သဘောတူညီမှုမရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ဈာပနအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပမည်

တိုကျို ဇူလိုင် ၂၀

ဂျပန်အစိုးရက ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ဈာပနအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်တွင် တိုကျိုမြို့ နီပွန်ဘူဒိုကန်မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေးသည် ဇူလိုင် ၈ ရက်တွင် နာရာမြို့၌ ၎င်း၏ပါတီဝင်များ အထက်လွှတ်တော်အမတ်နေရာအတွက် အနိုင်ရရှိရန် မဲဆွယ်စည်းရုံးဟောပြောစဉ် လုပ်ကြံခြင်းခံခဲ့ရသည်။

ရှင်ဇိုအာဘေး၏ ဈာပနအခမ်းအနားကို နိုင်ငံတော်အဆင့်အဖြစ်သတ်မှတ်ပြီး စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပရန် ဝန်ကြီးချုပ် ကီရှီဒါ ဖူမီယိုက အတည်ပြုကြေညာခဲ့သည်။

ယင်းသို့ နိုင်ငံတော်အဆင့်အဖြစ် သတ်မှတ်ရခြင်းမှာ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးသည် ၎င်းတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း ပြည်တွင်းရေးရာ သာမက ပြည်ပရေးရာကိစ္စရပ်များတွင် နိုင်ငံတော်၏ အကျိုးစီးပွားကို ရှေ့တန်းတင်ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကီရှီဒါက အလေးပေး ပြောကြားခဲ့သည်။

ဈာပနအခမ်းအနားနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ထပ်မံကြေညာသွားမည်ဖြစ်သည်။

အာဘေး၏ ဈာပနအခမ်းအနားအတွက် အစိုးရအဖွဲ့က အတည်ပြုချက်မရယူမီ အာဏာရပါတီများနှင့် တိုင်ပင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အာဘေးသည် ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံတော်အဆင့် ဈာပနအခမ်းအနားဖြင့် ပြုလုပ်မည့် ဒုတိယမြောက် ဝန်ကြီးချုပ်ဟောင်း ဖြစ်လာမည်ဖြစ်သည်။ နိုင်ငံအတော်အဆင့် ဈာပနအခမ်းအနား ပြုလုပ်ခဲ့သည့် ပထမမြောက် ဝန်ကြီးချုပ်ဟောင်းသည် ယိုရှီဒါရှင်ဂီရု ဖြစ်ပြီး ၎င်း၏ဈာပနကို ၁၉၆၇ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၀၀ ကျော်အထိ ပြန်လည်မြင့်တက်လာ

နယူးဒေလီ ဇူလိုင် ၂၀

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်နှစ်ရက်က တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် နှစ်သောင်းအောက်လျော့ကျခဲ့ရာ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ နှစ်သောင်းကျော်အထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၅၅၇ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၄၃၈၀၃၆၁၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ ဇူလိုင် ၁၈ ရက်တွင် ရောဂါကူးစက်ခံရသူ ၁၆၉၃၅ ဦးနှင့် ဇူလိုင် ၁၉ ရက်တွင် ရောဂါကူးစက်ခံရသူ ၁၅၅၂၈ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀ ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၅၈၂၅ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၁၄၅၆၅၄ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၈၅၁၇ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၁၃၂၁၄၀ ရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၆၄၀၂ ဦးထပ်မံတွေ့ရှိ

ဆိုးလ် ဇူလိုင် ၂၀

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၆၄၀၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၈၉၃၇၉၇၁ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။



တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်သူအရေအတွက်သည် ၄၃၈၃၂ ဦးရှိကြောင်း တောင်ကိုရီးယားနိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အေဂျင်စီက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၄၂၉ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း၊ ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၂ ဦးရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၄၇၇၇ ဦးရှိကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၆၂ ဦးထပ်မံတွေ့ရှိ

ဟနွိုင်း ဇူလိုင် ၂၀

ဗီယက်နမ်နိုင်ငံ၌ ယနေ့ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၁၆၂ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၇၆၃၆၉၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၃၀၉၁ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၈၃၂၆၄၆ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်းကိုဗစ်-၁၉ရောဂါကာကွယ်ဆေးအလုံးရေ ၂၄၀ ဒသမ ၅ သန်းကို ထိုးနှံပေးခဲ့ရာ အသက် ၁၈ နှစ်နှင့်အထက်ရှိသူ ၂၁၀ ဒသမ ၂ သန်းရှိကြောင်း သိရသည်။ နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ် BA.4 နှင့် BA.5 ကူးစက်မှုများတွေ့ရှိရသဖြင့် နိုင်ငံသားများအား လေးကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၄၀ ဒသမ ၆ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၁၆ တုံး(အလေးချိန် ၄၀ ဒသမ ၆ ကီလို)ကို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ လားရှိုးမှ မူဆယ်သို့ ဟောင်းလွှမ်း မောင်းနှင်ပြီး ဇော်ဂျီရောင် လိုက်ပါလာသည့် Crown ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၁၆ တုံး (အလေးချိန် ၄၀ ဒသမ ၆ ကီလို)ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၄ နာရီတွင် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် မြို့ရှောင်လမ်းတွင် ဘိန်းဖြူဘလောက်တုံးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ရန်ကျုံးပြုံး(ခ) အောင်ကျော်မိုးကို ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူဘလောက်တုံးများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်မှ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# တရားမဝင်သစ်မျိုးစုံ၊ ကျောက်စိမ်းအရိုင်းတုံး၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ စကားပြောစက်နှင့် စကားပြောစက် ဆက်စပ်ပစ္စည်းများ၊ ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဦးဆောင်သော ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော် အမှတ်(၅) လမ်းဘေး၌ ရပ်တန့်ထားသော တရုတ်နံပါတ်တပ် ကုန်ပစ္စည်းတင်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ စကားပြောစက်နှင့် စကားပြောစက် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေ ၅၁၁၈၂၇၂၂ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dongfeng အမျိုးအစား တရုတ်နံပါတ်တပ် ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၇၁၁၈၂၇၂၂ ကျပ်**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

**သိမ်းဆည်းရမိ**

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အနောက်ပိုင်း တက္ကသိုလ်အဝိုင်းအနီး၌ တရားမဝင် ကျွန်းတံခါးဆိုဒ်စုံ ၁ ဒသမ ၉၁၂၆ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၂၆၂၃၁၆ ကျပ်)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ISUZU အမျိုးအစား ခြောက်ဘီးယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၁၂၆၂၃၁၆ ကျပ်** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင် ၂၀ ရက်တွင်** စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မုံရွာမြို့နယ်အတွင်း LIFAN အမျိုးအစား လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ထီးချိုင့်မြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၁၆၀ ဒသမ ၀၄၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၂၀၂၁၆၀)ကို သစ်တောဥပဒေအရ လည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၅၂၁၆၀** ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မန္တလေး-ပြင်ဦးလွင် ကားလမ်း မိုင်တိုင်အမှတ် ၁၈ မိုင် ၆ ဖာလုံအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်းများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၀၀၀၀၀)ကို လည်းကောင်း၊ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်းရှောင်ကွင်းလမ်း၌ တရားမဝင် သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံး ဆိုဒ်စုံ ၃၄၄ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်လာသည့် ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို လည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သောအဖွဲ့က ပန်းတောင်းမြို့နယ်အတွင်း Honda Fit အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သောအဖွဲ့က သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်နှင့် ဇီးကုန်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၄၃၉၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၇၂၂၀၄ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၄၇၂၂၀၄ ကျပ်**ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်း တန်ဖိုးငွေ၁၈၉၈၁၉၄၀၂ ကျပ်)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၇-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ တောချုပ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၃၅ | '(၃၀)ဖြာဗဟုလာ' (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'ဒုဋ္ဌ' |
| ၀၈:၃၅ | ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီဇိုကရေစီ | ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၁) |
| ၀၉:၁၀ | NRC အစီအစဉ်(မွန်) 'အလှဖြာဝေရာမည်ငြေ' | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုကမ္ဘာ |
| ၁၀:၃၀ | ဝင်ငွေသချာရွှေနေကြာ | ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၅) |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး' (အပိုင်း-၂၅) | ၂၂:၂၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ကန္တာရထဲက ဘိုင်အာစစ်' |
| ၁၃:၃၀ | MRTV National News | | |
| ၁၆:၃၅ | မျက်မှောက်ရေးရာအဖြာဖြာ | | |
| ၁၇:၁၅ | Soccer View | | |
| ၁၇:၃၀ | လူမှုစီးပွားမြင်ကွင်းများ | | |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon) |
| 07:09 | Let's Taste Delicious Insects: Silkworm Masala & Peppery Cricket Bread with Sunflower and Pumpkin Seeds |
| 07:31 | Myanmar Masterclass: Cubism |
| 07:37 | Ecotourism: Naga Traditional Customs |
| 07:56 | Golden Mandalay Hill |
| 08:01 | Trend of Kachin Dress |
| 08:28 | Dances of Myanmar: Enn Traditional Dance |
| 08:31 | Introductory Programme of Literary Award Winners (U Ye Dway) |
| 08:54 | Paper Toys |
| 09:01 | News |
| 09:27 | Products of Myanmar - Pictures Decorated With Seashells And Gemstones |
| 09:39 | Yangon Markets: Nyaung Pin Lay Market |
| 09:46 | All About Orchids |

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** လျှာလည်သွားစေမယ့်ခရုသုပ်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း(လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)** ချင်းတောင်တွင်စီးပွားဖြစ်လာသည့် စတော်ဘယ်ရီသီးစိုက်ပျိုးရေး

**ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၈)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ထန်းပင်ပေါ်ကတို့ပေပေ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)** နမ့်လျှန်ချောင်း(ဟိုပန်မြို့)

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** မူလာရိုးဒီသို့အလည်တစ်ခေါက်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)** ဒေါလဲဒုရွာအကြောင်း

**ဝကေကရင် (၂၂:၀၀ မှ ၂၃:၀၀)** တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၁၅ | သတိထားပါမျောက်ကျောက်ရောဂါ |
| ၀၉:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၄၅ | သတင်းသမားပြောတဲ့သတင်းစကား |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နှင့်လူ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၇) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၄၅ | မျိုးပိုးဥထုတ်ခြင်းသုတကဏ္ဍ |
| ၀၇:၁၅ | ရွှေဖြူအကြောင်းသိကောင်းစရာ |
| ၀၈:၄၀ | သတိပြုကာကွယ်ကြက်လည်လိမ်ရောဂါအန္တရာယ် |
| ၀၈:၅၅ | အာဟာရကြွယ်ဝရောင်းပန်းလုကျန်းမာလုပ ဝင်ငွေရမြန်မာ့လိမ္မော်ရှောက်မျိုးများရဲ့အလှ |
| ၀၉:၀၀ | မျိုးနှင့်နည်းပညာဖြန့်ဝေရာ မြစ်သားစိုက်/သုခြိမှာ |
| ၀၉:၂၀ | မင်းဘူးရောက်နဂါးမောက် |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

❖ ကျောဖုံးမှ

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အင်ဒူးကျေးရွာဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်နှင့် ကပ္ပိယတစ်ဦးတို့ကို အကြမ်းဖက်သမားများက ဓားများဖြင့် ရက်စက်စွာသတ်ဖြတ်

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက် ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာပြုလုပ်နေကြသည်ကို တွေ့ရသည်။



ဘဒ္ဒန္တ အိန္ဒြိယ(ပျံလွန်တော်မူ)



ဦးမောင်စော(သေဆုံး)

ထိုသို့ပြုလုပ်လျက်ရှိရာတွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အင်ဒူးကျေးရွာ ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် သက်တော် ၉၃ နှစ် ဝါတော် ၇၂ ဝါရှိ ဘဒ္ဒန္တ အိန္ဒြိယနှင့် အဆိုပါဘုန်းကြီးကျောင်းမှ ကပ္ပိယဖြစ်သူ ဦးမောင်စော ၆၂ နှစ်တို့ကို ယနေ့နံနက်တွင် အကြမ်းဖက်သမားများက ဓားများဖြင့် ရက်စက်စွာဝိုင်းဝန်းထိုးခုတ်ခဲ့သဖြင့် ဆရာတော်တွင် ဦးခေါင်းငယ်ထိပ်ပြတ်ရှဒဏ်ရာများနှင့် ဝဲပါးပြတ်ရှဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ပြီး ဦးမောင်စောတွင် မေးစေ့ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက် သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၂ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အဆိုပါဖြစ်စဉ်မှ သံဃာတော်တစ်ပါးနှင့် ကပ္ပိယတို့အား ဘုန်းကြီးကျောင်းအတွင်း ဝင်ရောက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**တည်ဆဲဥပဒေများအရအရေးယူခံရမည်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့ ကြံခင်းရပ်ကွက်နေ ဖူးမောင်မောင်(ခ) ဖူးလေးသည် ၎င်းအသုံးပြုသည့် "Micro Ko Phoo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၂)ရပ်ကွက်နေ ရဲဘုန်းမြတ်(ခ) ဖိုးသားသည် ၎င်းအသုံးပြုသည့် "Bhone Myat" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ (၇)ရပ်ကွက်နေ မိုးဆွေသည် ၎င်းအသုံးပြုသည့် "Moe Swe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

**ဆက်လက်ဖော်ထုတ်အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မိုးနဲမြို့နယ်၌ မိုးသီးနှံနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မိုးနဲ ဇူလိုင် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုးသီးနှံနေကြာ ၅၂ ဧက စိုက်ပျိုးထားပြီး နေကြာစိုက်ပျိုးရန်အတွက် လိုအပ်သောမျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးရေး၊ အပင်ပြုစုစောင့်ရှောက်ရေး နည်းစနစ်များ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို တောင်သူများအချိန်မီသိရှိနိုင်စေရန်အတွက် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ နေကြာသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း စားသုံးဆီဖူလုံမှုရရှိစေရန်ရည်ရွယ်၍ ကျေးရွာအုပ်စု ၁၁ အုပ်စုရှိတောင်သူများ၏ ယာမြေနေရာများ၌ ဆင်းရွှေကြာ ငါးကေ နေကြာမျိုးစေ့ထုတ်စံပြစိုက်ခင်းနှင့် ရေဆင်းစပ်မျိုး(၁) နေကြာ ၄၅ ဧက စုစုပေါင်း ၅၂ ဧကကိုလည်းကောင်း စိုက်ပျိုးထားရှိပြီး လာမည့်ဆောင်းရာသီတွင် ဆောင်းသီးနှံနေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၈၅ | ၁၈၃၀ | ၁၈၂၅ | ၁၇၉၅ | ၁၈၃၀ | ၁၈၅၅ | ၁၈၄၀ | ၁၈၂၀ | ၁၉၁၀ | ၁၉၂၅ | ၁၈၂၅ | ၁၈၃၀ | ၁၈၆၅ | ၁၈၇၀ | ၁၈၇၀ | ၂၀၉၀ | ၂၅၆၀ |
| 95 Ron | ၁၈၄၀ | ၁၈၈၅ | ၁၈၈၀ | ၁၈၄၅ | ၁၈၈၅ | ၁၉၀၅ | ၁၈၉၀ | ၁၈၇၀ | ၁၉၆၅ | ၁၉၈၀ | ၁၈၇၅ | ၁၈၉၀ | ၁၉၂၀ | ၁၉၂၀ | ၁၉၂၀ | ၂၁၄၀ | ၂၆၁၅ |
| HSD (500 ppm) | ၂၀၈၀ | ၂၁၂၅ | ၂၁၂၅ | ၂၀၉၀ | ၂၁၂၅ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၅ | ၂၁၆၅ | ၂၃၈၅ | ၂၈၄၅ |
| HSD (50 ppm) | ၂၁၄၀ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၁၄၀ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၉၄ | ၁၇၆၁ |
| 95 Ron | ၁၇၄၄ | ၁၈၁၃ |
| HSD (500 ppm) | ၁၉၈၀ | ၂၀၄၉ |
| HSD (50 ppm) | ၂၀၃၅ | ၂၁၀၆ |
| HSD (10 ppm) | ၂၀၃၅ | ၂၁၀၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မြန်မာပြည်သိန်းတန်၏ “သီချင်းဒိုင်ယာရီ-၃” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်




**နေပြည်တော် ဇူလိုင် ၂၀**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များ တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Show ဆန်းသစ်တင်ဆက်မှုအဖြစ် နိုင်ငံကျော်အဆိုတော်ကြီး မြန်မာပြည်သိန်းတန်၏ “သီချင်းဒိုင်ယာရီ-၃” တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၂၂ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာပြည်သိန်းတန်နှင့်အတူ မျိုးဆက်သစ်တေးသံရှင်များဖြစ်ကြသည့် စောဒယ်နီရယ်၊ ရေဂျီနား၊ ချိုမီမီဇော်နှင့် အိအိလှိုင်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ သရုပ်ဆောင် နေဒွေးနှင့် သဉ္ဇာမြင့်မိုရ် တို့ကလည်း အားဖြည့်တင်ဆက်ပေးကြမည်ဖြစ်သည်။

**ထပ်မံထုတ်လွှင့်ပြသမည်**

ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၂၄ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## သုတစေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဇူလိုင် ၂၀**

သုတစေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၇၅)ကို ဇူလိုင် ၂၂ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်- ၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ပွင့်နဒီမောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ၂၂၊ ၂၃ နှင့် ၂၄ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် ဇူလိုင် ၂၀**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတတိုးပွားစေရန်အပြင် ဓာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

**ဆက်လက်ပြသမည်**

အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် ဝိရဇ်၊ ခေမံ (ကိလေသာကင်း၊ ဘေးမရှိခြင်း) အစီအစဉ်ကို ဇူလိုင် ၂၃ ရက် စနေနေ့ ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ဓူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရွှေဘုန်းကံ၊ မိုးပြည့်ပြည့်မောင်၊ ရန်ရှင်းမောင်၊ ထက်မြက်အောင်၊ ခတ်လင်း၊ ရွှေအိုး၊ ဒိုးဇက်နှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်အား ဇူလိုင် ၂၇ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး)ဘောလုံးပြိုင်ပွဲနှင့် မြို့နယ်ပေါင်းစုံ ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်းသစ်ဖွင့်ပွဲနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘောလုံးပြိုင်ပွဲနှင့် အသက် ၁၈ နှစ်အောက် မြို့နယ်ပေါင်းစုံ ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အဆိုပါကွင်း၌ ယနေ့ညနေပိုင်းက ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က အောင်မြေမန္တလာ အားကစားကွင်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

၎င်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အခြေခံပညာကျောင်းများမှ ကျောင်းသူအင်အား ၅၀၀ က ကျန်းမာရေးလေ့ကျင့်ခန်း သရုပ်ပြသခြင်း၊ မြန်မာ့သိုင်း၊ ဝူရှူးအားကစားနည်းများ သရုပ်ပြသခြင်းများ ကျင်းပပြီး အမျိုးသား အမျိုးသမီး မီတာ ၁၀၀ နှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြေးပွဲ၊ မန္တလာတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) အမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကာ လက်ဆင့်ကမ်းပြေးပွဲတွင် ဆုရရှိသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယခု ဖွင့်လှစ်လိုက်သည့် ကွင်းသစ်မှာ ၂၀၂၁-၂၀၂၂ ခုနှစ် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေကျပ် ၆၉၂၇ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး (ပေ ၄၈၀ x ပေ ၆၀) အမိုးပါ အထူးတန်းပွဲကြည့်စင်၊ (ပေ ၄၄၀ x ၃၅ ပေ) အမိုးမပါ ရိုးရိုးတန်းပွဲကြည့်စင်၊ (ပေ ၂၈၀ x ၃၅ ပေ) ရိုးရိုးတန်းပွဲကြည့်စင်၊ ရော်ဘာပြေးလမ်း မီတာ ၄၀၀ ပြေးလမ်းရှစ်လမ်း၊ အားကစားသမားများအတွက် နားနေခန်း၊ အဆင့်မြင့်သန့်စင်ခန်း၊ ဧည့်ခန်းဆောင်များ၊ ပွဲကြည့်ပရိသတ်များအတွက် အဆင့်မြင့်သန့်စင်ခန်းများပါဝင်ပြီး ပရိသတ်တစ်သောင်းခန့် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





## ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အောင်ပွဲရ စစ်ကိုင်းတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုချီးမြှင့်

**မုံရွာ ဇူလိုင် ၂၀**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ စစ်ကိုင်းတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ စစ်ကိုင်းတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအသင်းမှ အသင်းအုပ်ချုပ်သူနှင့် အားကစားသမားများက တံခွန်စိုက်ဆုဖလားအား အပ်နှံကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စုပေါင်းတံခွန်စိုက်ဆုရ ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀ ပြန်လည်ပေးအပ်သည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက အမျိုးသားတံခွန်စိုက်ဆုရ ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၃၀၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက် ပထမဆုရ ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅ သိန်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပထမဆုရ ပိုက်ကျော် ခြင်းအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅ သိန်း၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက အမျိုးသားအသင်းလိုက် သုံးယောက်တွဲ ဒုတိယဆုရ ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းတို့ကို အသင်းအုပ်ချုပ်သူနှင့် အားကစားသမားများထံ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ပိုက်ကျော်ခြင်း အသင်းအုပ်ချုပ်သူက ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ခဲ့သည့် မှတ်တမ်းဗီဒီယိုကိုပြသကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရအားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

---

**○ တိုင်းဒေသကြီးမှ**

မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသော ဆေးတစ်လုံးလျှင် လူငါးဦးထိုးနှံနိုင်သည့် Sinopharm နှင့် myancopharm ဆေးများကို ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ Sinopharm ဆေး ၃၈၄၇ လုံး၊ myancopharm ဆေး ၇၀၄၈ လုံးနှင့် ဆေးထိုးအပ်များ၊ ထားဝယ်မြို့သို့ myancopharm ဆေး ၁၆၉၆ လုံးနှင့် ဆေးထိုးအပ်များ၊ ကော့သောင်းမြို့သို့ Sinopharm ဆေး ၆၀၀၊ myancopharm ဆေး ၂၉၆၀ နှင့် ဆေးထိုးအပ်များ၊ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဆေးထိုးအပ်များ၊ သံတွဲမြို့သို့ ဆေးထိုးအပ်များ၊ ချင်းပြည်နယ် ပလက်ဝမြို့သို့ Sinopharm ၈၀၀ နှင့် ဆေးထိုးအပ်များကို တပ်မတော်မှလေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးသည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**✻ ဂျူဗင်တပ်မှ**

နောက်တန်းကစားသမား ဒီလစ်ဟာ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်းက နယ်သာလန်ကလပ် အေဂျက်အသင်းကနေ အီတလီစီးရီးအေ ချန်ပီယံဆုဖလားကို (၃၆)ကြိမ်အထိ ရယူဆွတ်ခူးထားတဲ့ ဂျူဗင်တပ်အသင်းဆီ ငါးနှစ်စာချုပ်နဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိအချိန်မှာ ဂျူဗင်တပ်အသင်းနဲ့အတူ ဘောလုံးရာသီ သုံးရာသီကြာ ပွဲထွက်ကစားခဲ့ပြီးလည်း ဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဒီလစ်ဟာ ဂျူဗင်တပ်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၁၇ ပွဲအထိ ပါဝင်ကစားပေးခဲ့ရာမှာ အီတလီစီးရီးအေဖလားတစ်ကြိမ်နဲ့ ကိုပါအီတာလီယာဖလားတစ်ကြိမ်တို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

---

## ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်



**ဘားအံ ဇူလိုင် ၂၀**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အဆင့်မြင့်အားကစားကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား ယနေ့နံနက် ၁၀ နာရီခန့်က သွားရောက်ကြည့်ရှု စစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အဆင့်မြင့် အားကစားကွင်းအဝင်လမ်း (ခရေ-၂ လမ်း)အား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ပြည်နယ်ရန်ပုံငွေကျပ် ၇၃၅ သိန်းကျော်ဖြင့် ဆောင်ရွက်လျက်ရှိသော (ပေ ၆၃၀ x ၂၄ ပေ) နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းနှင့် အားကစားကွင်းဘေးရှိ ချယ်ရီ(၄)လမ်းအား ပြည်နယ်ရန်ပုံငွေကျပ် ၈၄၅ သိန်းဖြင့် ဆောင်ရွက်လျက်ရှိသော (၈၆၃ ပေ x ပေ ၂၀) နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရဦးမြင့်သူက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇွဲကပင်အားကစားကွင်း အဝင်မုခ်ဦးအသစ် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းအား ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ပုံငွေကျပ် ၄၈၅ သိန်းကျော်ဖြင့် တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဇွဲကပင်အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်ရှိ ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်း၊ မီတာ ၄၀၀ ပြေးလမ်းခင်းခြင်းလုပ်ငန်း၊ အနောက်ဘက် အထူးတန်းပွဲကြည့်စင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ အလှဆင်ခြင်းလုပ်ငန်း၊ အားကစားကွင်းအတွင်းရှိ အစည်းအဝေးခန်းမဆောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ပရိဘောဂများ ဝယ်ယူဖြည့်ဆည်းမှု ဆောင်ရွက်မည့်အခြေအနေ၊ အားကစားကွင်းအတွင်းရှိမိုးလုံလေလုံ အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်အဆောက်အဦဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သူနှင့် တာဝန်ယူတည်ဆောက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မြန်မာ့ရိုးရာစကားပုံ ပုံပြင်များ

မင်းသက်တင်

**ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့**

“ကိုးတောင်ကျားပဲ ဖြစ်ဖြစ်၊ ဆယ်တောင်ကျားပဲဖြစ်ဖြစ် ကျားပိန်၊ ကျားနာ အရိုးခေါက်ခက်နဲ့စားရတာ အရသာမရှိဘူး။ ဟိုနားက ဆိတ်အုပ်ကို တစ်နေ့တစ်ကောင် ဖမ်းစားနေတဲ့ ကျားသာဆိုရင် ဘယ်လောက် ဆူမတုံးရှင်။ အဲဒီကျားကို သွားဖမ်းပါလားတော်”

“ဟုတ်သားပဲကွ ငါမေ့နေတာ အဲဒီကျားကို ဖမ်းရမှာ အဝေးကြီးကိုသွားဖမ်းနေရတယ်လို့” “တိုးတိုးလည်း ပြောပါရှင် တော်ကြာ အဲဒီကျားက ရှင့်အသံကြားလို့ ထွက်ပြေးနေပါဦးမယ်”

ခွေးမက အသံပိုမိုကျယ်လောင်စွာနဲ့ အသံကို တမင်မြှင့်ပြီးပြောလိုက်တယ်။


“စိတ်ချပါကွယ်၊ စိတ်ချလိုက်စမ်းပါ။ ဆိတ်နဲ့သင်းနေတဲ့ ကျားကို အခုချက်ချင်း ငါသွားဖမ်းလိုက်ပါ့မယ်”

ခွေးထီးဟာ ထိုင်ရာမှထကာ အမွေးတို့ကို လှုပ်ခါကာ အညောင်းဆန့်လိုက်တယ်။

“ဟင် ဆိတ်သားမရတော့လို့ ခွေးသားလောက်နဲ့ အာသာဖြေမယ် စိတ်ကူးထားတာ ခွေးတွေက ကျားသားစားခွေးဖြစ်နေပါပေါ့လား။ ငါ့ကိုပါ ဖမ်းဦးမယ်ဆိုတော့ ဒီအရပ်ကနေ အမြန်ဆုံးလစ်တာပဲ ကောင်းပါတယ်”

ခွေးသားပေါက်အနံ့ရလို့ လာချောင်းတဲ့ ကျားဟာ အံ့ဩတုန်လှုပ်စွာနဲ့ တရွေ့ရွေ့ နောက်ဆုတ်သွားလေတယ်။

“ကျားနဲ့တော့ မရတော့ပါဘူး ခွေးမရေ။ တို့အကြံအောင်မြင်တာပါပဲ” “တော်သေးတာပေါ့ရှင်၊ နို့မို့ဆိုရင် ဆက်မတွေ့ရဲ့ဘူးတော့”



“ဒါကြောင့် ငါပြောတာပေါ့။ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ဆိုတာလေ။ စနစ်တကျ ဟန်ကိုယ့်ရင် အောင်မြင်တာပါပဲ။ကဲကဲအေးအေးသာနေပေတော့။ ကျားသွားဖမ်းလိုက်ဦးမယ်၊ အဲလေ”

ခွေးထီးက အောင်မြင်သူတစ်ဦးရဲ့ ဟန်နဲ့ မာန်ပါပါပြောကာ နေရာမှထွက်သွားလေသတဲ့။

ခွေးမကတော့ စိုးရိမ်စိတ်က ရှိနေသေးတာပေါ့ကွယ်။ ဟိုကျားများ လာချောင်းနေသေးသလား ရယ်ပေါ့။ ကလေးတွေက အရွယ်ငယ်လွန်းသေးတော့လည်း မိခင်ခွေးမက နို့တိုက်ရင်း ထိတ်လန့်ခဲ့ရတဲ့ဖြစ်စဉ်တွေကို တစ်ကွက်ချင်း ပြန်လည်မြင်ယောင်မိနေလေရဲ့။

ဆိတ်တစ်အုပ်နဲ့ မလှမ်းမကမ်းမှာ ကျားတစ်ကောင်ရှိနေတယ်။ အဲဒီကျားက တစ်နေ့ကို ဆိတ်တစ်ကောင် ဖမ်းယူစားသောက်နေတာပေါ့။

အဲဒီမြင်ကွင်းကို ကိုယ်လေးလက်ဝန်နဲ့ ခွေးမက လှမ်းမြင်နေရတယ်။ အင်း... ဒီနေရာကနေ ခုချက်ချင်းပြောင်းသွားဖို့ကလည်း မဖြစ်နိုင်ပါဘူး။ ငါ့မှာလည်း ကိုယ်လေးလက်ဝန်နဲ့ မွေးဖို့ကနီးနေပြီ။ ဆိတ်တွေကတော့ တစ်နေ့တစ်ကောင် ကျားစာဖြစ်နေရတယ်။ အဲဒီဆိတ်အုပ်ကြီး ကုန်သွားရင်တော့ ကျားက ငါတို့ဘက်ကို လှည့်လာနိုင်တယ်။ မွေးပြီးရင်လည်း ကလေးငယ်လေးတွေနဲ့ ဒီနေရာမှာပဲ နေနေရဦးမယ်။ အကြံထုတ်ကြည့်စမ်း ခွေးမရေ”

ခွေးမက ကိုယ့်ကိုယ်ကိုယ် စိုးရိမ်သောကနဲ့ တွေးမိတွေးရာ တွေးနေပြီး စိတ်သောက ရောက်နေရတော့တာပေါ့ကွယ်။

ခွေးထီးကလည်း မပူပန်တာမဟုတ်။ ပူပန်ရှာပေမယ့် ရုပ်မပျက်အောင် နေရရှာလေတယ်။ ခွေးထီးက အကြံထုတ်လေရာ မကြာခင်မှာပင် အကြံကောင်းကို ရလေတော့ ခွေးမကို ပြောလေတယ်။

“ခွေးမရေ၊ ကလေးတွေက မွေးတာမှ ဘယ်လောက်မှကို မကြာသေးဘူးလေ။ နောက်တစ်နေရာကို ပြောင်းဖို့ဆိုတာကလည်း မလွယ်သေးဘူး။ ဆိတ်တွေကုန်ရင် ငါတို့အလှည့်ရောက်မှာ သေချာတယ်”

“အကြံရတယ်ဆို ပြောတော့လေ”

ခွေးမက အထိတ်တလန့်ဖြစ်နေရတော့တာပေါ့။ ရင်သွေးလေးတွေကို ကြည့်ကာ စိတ်မချမ်းမြေ့နိုင်ရှာဘူးပေါ့ကွယ်။

“မပူပါနဲ့ ခွေးမရယ်။ ငါ့မှာ အကြံကောင်းရထားပြီးပါပြီ။ ဟန်ကောင်းရင် ဒီကျားပြေးရမှာပါ”

ခွေးထီးက ပြောပေသော်ပြောပေငြား ခွေးမကတော့ နေစရာမရှိအောင် ကြောက်ရွံ့နေလေရဲ့။ ခွေးထီးကတော့ အေးဆေးတည်ငြိမ်စွာနဲ့ ဖြည်းဖြည်းချင်း ပြောလေတယ်။

“ငါပြောတာသေသေချာချာမှတ်ထားနော်။ ကျားက ငါတို့အနားကိုလာရင် ငါ အချက်ပေးလိုက်မယ်။ ခွေးမက ကလေးတွေ ဆူညံအော်ဟစ်အောင် လုပ်ပေတော့ ဟုတ်ပြီလား”

ကျားဟာ ခွေးဂေဟာအနီးကို တဖြည်းဖြည်း ရောက်လာတော့တယ်။ အနီးသို့ ကျားရောက်လာတဲ့အထိ ခွေးက စောင့်ဆိုင်းနေလိုက်တယ်။ အနီးသို့ ကျားရောက်လာတဲ့အခါ ခွေးထီးက ခွေးမကို အချက်ပေးလိုက်တယ်။ တစ်ခဏအတွင်းမှာ ခွေးငယ်လေးတွေ မြည်ကြွေးသံများ ဆူညံလာတော့တာပေါ့။

“ကလေးတွေ ဘာဖြစ်တာလဲ ဆူညံလိုက်တာ”

“ရှင့်ကလေးတွေက ကျားသားစားချင်လို့ ငိုနေကြတာ။ ဟိုတစ်နေ့က ရှင်ဖမ်းလာတဲ့ကျားနာက ပိန်လိမ်နေတော့ အရသာနည်းတာပေါ့။ ကလေးတွေလည်း စားရတာအားမရကြဘူး။ ရှေ့နားက ဆိတ်အုပ်ကို တစ်နေ့တစ်ကောင်စားနေတဲ့ ကျားဆိုရင် ဆိတ်နံ့သင်းနေတော့ ပိုဆူမှာပေါ့။ အဲဒီကျားကို ဖမ်းလာခဲ့ပေတော့”

ခွေးမရဲ့ အသံကိုကြားလိုက်တဲ့ ကျားဟာ စိုးထိတ်စိတ်ဝင်လာပြီး ခွေးတို့အနီးမှာ ချောင်းနေရာကနေ တိတ်တဆိတ်ထွက်ပြေးသွားတော့သတဲ့၊ ခွေးထီး ပြောသွားတဲ့အသံကို ပြန်လည်ကြားယောင်လိုက်ရင်း ခွေးမဆီက အသံထွက်လာလေတယ်။

“ဟန်ကိုယ့်ဖို့၊ မာန်သူ့ဖို့”

■

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**ရခိုင်တိုင်းရင်းသားစကားထာ**

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းရှိ ကျေးလက်တောရွာတစ်ရွာတွင် ဗညားနှင့်လဂွန်းအိမ်တို့သည် ရွာဦးကျောင်း၌ လောကီနှင့် လောကုတ္တရာစာပေများကို သင်ယူလျက်ရှိသည်။ ယင်းတို့သည် တစ်ရွာတည်းသား သူငယ်ချင်းများဖြစ်သည်။

မွန်တိုင်းရင်းသားဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစား ပညာဆည်းပူးနေကြသူများဖြစ်ရာ ပညာကိုလိုလားပြီး စာကြိုးစားသူများလည်းဖြစ်သည်။ အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားကြလေ့ရှိသည်။

“ဗညားရေ၊ ဉာဏ်စမ်းမေးမယ်ကွာ” လဂွန်းအိမ်က မြက်ခင်းစိမ်းစိမ်းများပေါ်သို့ လဲလျောင်းရင်း ပြောလာသည်။

“မေးလေကွာ၊ ဖြေဖို့ အဆင်သင့်ပဲ။ ဒါပေမဲ့ ဒီတစ်ခါတော့ ရခိုင်တိုင်းရင်းသားစကားထာဉာဏ်စမ်းထဲကပဲ မေးကြဖြေကြမယ်လေ”

ဘောလုံးကိုအဝေးသို့ ကန်ထုတ်လိုက်ရင်း ဗညားက ဉာဏ်စမ်းဥပဒေသကို ပြန်ပြောသည်။

“အေး ကောင်းတယ်လေ။ မေးပြီနော်။ ‘လျှာကပါယင့်၊ စားဖို့မတတ်’တဲ့ အဲဒါ ဘာလဲ”

“လဂွန်းအိမ်ရာ မင်းရဲ့မေးခွန်းကလည်း အဆန်းပါလား မနည်းကို စဉ်းစားရဦးမှာပဲ”

“အဖြေကတော့ ရှိပြီးသားပါ ဗညားရာ.. စဉ်းစားလို့ မရရင် ပန်းပေးလိုက်ပေါ့ ဟင်း ဟင်း ဟင်း”

လဂွန်းအိမ်၏စကားကြောင့် ဗညားတစ်ယောက် အရှုံးမပေးဘဲ စဉ်းစားရင်းဖြင့် ပြုံးယောင်သန်းလာပြီး ဖြည်းဖြည်းချင်း ဆက်ပြောသည်။

“သူငယ်ချင်းရယ်... စဉ်းစားရင် အဖြေကထွက်ပါတယ်။ အဖြေက ‘ချိန်ခွင်’ပေါ့၊ ရခိုင်တိုင်းရင်းသား စကားထာဉာဏ်စမ်းထဲက အဖြေပါဗျား”

ဗညားက ပိုင်နိုင်စွာဖြေဆိုလိုက်ရာ လဂွန်းအိမ်တစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားရ၏။

“ဒီတစ်ခါ ငါ့အလှည့်ပဲ။ ကြိုးစားပြီးသာ ဖြေပေါ့ကွာ”

“မေးမှာသာ မေးစမ်းပါ သူငယ်ချင်းရာ အဖြေဆိုတာ ရှိပြီးသားပါ”

“မေးပြီနော်၊ ‘လည်ပင်းကပါယင့်၊ မလှုပ်နိုင်’ ဆိုတာ ဘာကိုဆိုလိုတာလဲ”

ခုတစ်ခါ လဂွန်းအိမ်က ခေါင်းကုတ်စဉ်းစားနေရသော်လည်း အဖြေကား ချက်ချင်းမထွက်နိုင်ပေ။

“ဘယ်လိုလဲကွ စဉ်းစားနေဆဲလား”

အကြံအိုက်နေသည့် လဂွန်းအိမ်ကို ဗညားက မထိတထိခပ်ထေ့ထေ့ပြောလိုက်ခြင်းဖြစ်သည်။

“အဲဒါ ခဏထားကွာ နောက်မှငါဖြေပါ့မယ်။ မေးခွန်းတစ်ခု မေးချင်လို့”

“ဟိုးထား ..သူငယ်ချင်း၊ အဖြေမပေးရသေးဘဲ မေးခွန်းမေးချင်တာ လက်မခံနိုင်ပါဘူးဗျာ။ ဖြေမှာသာဖြေပါ။ အချိန်က စေ့တော့မယ်နော်”

လဂွန်းအိမ်၏စကားကို ဗညားကလက်မခံသဖြင့် အဖြေကိုမရမက စဉ်းစားကာ လဂွန်းအိမ်တစ်ယောက် ဖြေရပေတော့မည်။

“ဒါဆိုလည်း ဖြေလိုက်ပါတော့မယ်ကွာ။ အဖြေက “ရေတကောင်း” ပေါ့။ ရခိုင်တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်း အုပ်စုထဲကပါပဲ”

လဂွန်းအိမ်၏အဖြေက တိကျမှန်ကန်မှုကြောင့် ဗညားတစ်ယောက် မျက်လုံးပြူးသွားသည်။

“တော်ပါပေတယ် သူငယ်ချင်းရယ်၊ ငါ မေးလို့ ရပါပြီနော်”

“ရပါပြီဗျာ၊ မေးလေ ဗညား မေးလိုက်ပါ”

“မေးခွန်းက ‘နှုတ်သီးကပါယင့်၊ မတို့ဆိတ်နိုင်’ ဆိုတာဘာလဲ ဖြေပါဦးသူငယ်ချင်း”

လဂွန်းအိမ်က ယင်းမေးခွန်း၏အဖြေကို သိနေသည်လားမသိ။ အေးအေးလူလူဖြင့် ခပ်ပြုံးပြုံးပင်။

“သူငယ်ချင်းမေးတာက ‘နှုတ်သီးကပါယင့်၊ မတို့ဆိတ်နိုင်’လို့ မေးထားတာဆိုတော့ အဖြေက “ရေကရား” ပေါ့ကွာ၊ ရခိုင်တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းတွေထဲကပဲနော်””

“ကွက်တိပဲ သူငယ်ချင်းရာ မှန်ပါ့။ ဒါနဲ့ပြောရဦးမယ်”

“ပြောလေ သူငယ်ချင်း မေးခွန်းထပ်မေးချင်သေးလို့လား”

“မဟုတ်ပါဘူးကွာ၊ မှတ်သားထားတာလေးကို သတိရလို့ပါ။ ဒီလိုကွ ရခိုင်တိုင်းရင်းသားတို့က တစ်ဦးနဲ့တစ်ဦး “ပန်းစကားများနဲ့ ဉာဏ်စမ်းလေ့ရှိတယ်တဲ့။ နောက်ပြီးတော့ အဝှက်ခံရတဲ့ ပစ္စည်းကို ပန်းနဲ့တင်စားထားတာကြောင့် “စကားပန်းဝှက်တယ်” လို့လည်း ခေါ်ဆိုကြကြောင်း မှတ်သားဖူးတယ် သူငယ်ချင်းရေ”

“သိထားရတာ ဗဟုသုတတိုးတာပေါ့ကွာ။ ပြောပြတာ ကျေးဇူးတင်ပါတယ်”

ထိုအချိန်တွင် ဘုန်းကြီးကျောင်းမှ နာရီသံချောင်းခေါက်သံနှစ်ချက်ထွက်ပေါ်လာရာ ဗညားနှင့် လဂွန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြလေတော့သည်။ ။

ဝတ္ထုတို

# လူ့မနောဖြူပါစေ

**ကောင်းစစ်လင်း**

**“ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား**
**စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ**
**သစ္စာမှန်စေ၊ ဝတ်ငါးထွေ**
**ကျင့်လေမိတ်သဟာ။”**

မိတ်ဆွေကျင့်ဝတ်ငါးပါးကို အလိုလိုရွတ်ဆိုနေမိတယ်။ ဝါဆိုဦးကာလလည်းဖြစ်တာကြောင့် ဝါဆိုလပြည့်နေ့က ဘုန်းကြီးကျောင်းသို့သွားကာ ဝါဆိုသင်္ကန်းဆက်ကပ်၊ သီလယူပြီးအိမ်ပြန်ခဲ့တဲ့တိုင်အတွေးက မိတ်ဆွေတွေကို သတိရနေမိလေရဲ့။ တစ်နေ့လုံးကောင်းကျိုးလိုရာမြတ်ဗုဒ္ဓ၏ လမ်းညွှန်မှုအတိုင်း ကျင့်ကြံနေထိုင်ပွားများ အားထုတ်နေရခြင်းကိုက ငြိမ်းအေးရာကို တစ်ခဏတော့ ရရှိခံစားမိတာပါပဲ။

အတိတ်က မိတ်ဆွေတွေကို ဆန်းစစ်ကြည့်နေမိရင်း မနှစ်ကကိုဗစ်ကာလတစ်လျှောက် ကွယ်လွန်သွားခဲ့ကြတဲ့ မိတ်ဆွေရောင်းရင်းများအတွက် အမျှအတမ်းဝေရင်း သတိသံဝေဂရမိပါတော့တယ်။

အတွေးက ချစ်ခြင်းမုန်းခြင်းတွေနဲ့ရောပြွမ်းနေတဲ့ သတ္တလောကကြီးကို ခင်တွယ်နေမိတာကိုက ဝေဒနာကို လက်ကမ်းကြိုဆိုနေတာပါပဲလားဆိုတဲ့ အသိကိုတော့ရပါရဲ့။ လိုက်နာကျင့်ဆောင်နိုင်ခြင်းကအားနည်းနေရပြန်ပါတယ်။ သိပင်သိငြားသော်လည်း လက်တွေ့မှာမလွယ်သေးမှန်းနားလည်မိတဲ့အခါ ကိုယ့်ဘာသာပြုံးလိုက်မိလေရဲ့။ တကယ်က မိတ်ဆွေအပေါင်းအသင်းတွေကို ခင်မင်ဆဲပဲ။ တမ်းတမိဆဲပဲ။ တွေ့ချင်မြင်ချင် ရောယှက်ချင်ဆဲပဲ။ အရည်မရ အဖက်မရ စကားတွေပြောရင်းနဲ့ အချိန်တွေကို ကုန်ဆုံးချင်မိနေဆဲပဲလေ။

“တီတီ တီတီ တီတီ”

အသံကြားရာကိုကြည့်လိုက်တော့ ဖုန်းဆီကအသံဖြစ်နေတယ်။ မက်ဆင်ဂျာကလား၊ ဘိုက်ဘာက အသံလားတော့မသိ။ ဖုန်းကိုကြည့်လိုက်တော့မှ စင်ကာပူရောက်နေတဲ့ သားဆီကခေါ်တာဖြစ်နေတယ်။

“သားရေ ပြော၊ နေကောင်းလား။ အစစ အဆင်ပြေရဲ့လား”

သားဖြစ်သူကို မေးနေစဉ်မှာပဲ ကိုယ်သိချင်တာတွေကို မေးနေမိပြန်တယ်။ မိဘဆိုတာ ဒီလိုပါပဲ။ သားသမီးအဆင်ပြေချောမွေ့တာကိုပဲ သိချင်မြင်ချင်ကြတာမဟုတ်လား။

“အားလုံး အဆင်ပြေပါတယ်ဖေဖေ။ ဖေဖေသာ နေကောင်းအောင်နေနော်။ ကျန်းမာရေးဂရုစိုက်ပေါ့။ သားက အလုပ်အကိုင်လည်း အဆင်ပြေသွားပြီ။ ကနေ့ပဲ အလုပ်ခန့်စာရတယ်။ ဖေဖေဝမ်းသာအောင် စောစောပြောချင်လို့ ခေါ်လိုက်တာ”

“ဝမ်းသာလိုက်တာ သားရယ်။ ဖေဖေတကယ်ကို ပြောမပြတတ်လောက်အောင် ဝမ်းသာတယ်သိလား။ နိုင်ငံရပ်ခြားမှာ အလုပ်အကိုင်အဆင်ပြေ၊ ကျန်းမာရေး၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေး အစစအဆင်ပြေနေပါစေကြောင်း ဆုတောင်းပေးနေပါတယ်။ ဖေဖေတို့မိဘတွေကတော့ ဆုတောင်းပေးနေရုံပဲ တတ်နိုင်တာ။ သားကသာတကယ်လက်တွေ့ ကြိုးစားရုန်းကန်ရမှာ၊ အစစအောင်မြင်မှုတွေ ရရှိပါစေဗျား”

“ဟုတ်ကဲ့ပါဖေဖေ သားကြိုးစားမှာပါ၊ စိတ်ချပါဖေဖေ”

“ဪ သားရေ အလုပ်က လစာကောကောင်းရဲ့လား၊ နေမှုထိုင်မှု စားသောက်မှုနဲ့ရော ကိုက်ရဲ့လား”

မေးဖြစ်လိုက်တဲ့စကားကို သား ကြိုက်မှကြိုက်ပါ့မလား တွေးမိလိုက်သေးတယ်။ မိဘဆိုတော့ ကြိုတွေးပြီး ကြိုပူပင်မိတာ မဆန်းပါဘူးလေ။ မိဘတိုင်းရဲ့ စိတ်ကိုက ဒီလိုကြီးပါပဲ။

“စိတ်မပူနဲ့ဖေဖေ။ လစာက စင်ကာပူဒေါ်လာ သုံးထောင်ရတယ်။ မြန်မာငွေ လေးဆယ့်ငါးသိန်းလောက်ရမှာပေါ့။ စရိတ်အားလုံးလောက်ငတဲ့အပြင် စုဆောင်းမိမှာပါ။ ကုမ္ပဏီကလည်း ကောင်းပါတယ်။ သားက ကြိုးစားပမ်းစားလုပ်မှာပေါ့ဖေဖေ။ ဖေဖေပြောထားတဲ့အတိုင်း စိတ်ရှည်သည်းခံခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းတို့ဟာ ဘဝတစ်လျှောက်အတွက် အောင်မြင်ခြင်းကိုသယ်ဆောင်လာကြတယ်ဆိုတာကို သား နှလုံးသွင်းထားပါတယ်။ စိတ်ချလက်ချနဲ့သာနေပါ၊ ဖေဖေ စိတ်ချမ်းသာအောင် နေနော်”

“အေးပါကွယ်။ ဒါနဲ့ သားရဲ့ဆွေမျိုးတွေနဲ့ရော တွေ့သေးလား။ သားကရောက်ခါစဆိုတော့ လိုတာရှိလည်း အကူအညီတောင်းကြည့်ပေါ့ကွာ။ ကိုယ့်အမျိုးတွေပဲ ကူညီနိုင်သလောက်တော့ ကူညီမယ်ထင်ပါတယ်”

သားဆီက အသံတိတ်သွားတာ သတိထားမိလိုက်တယ်။ အင်တာနက်လိုင်းများ ကျသွားသလားပေါ့။ ပြီးမှ ဆက်ပြောလာတယ်။

“ဪဖေဖေရယ် ဆွေမျိုးတော်ပေမယ့် နိုင်ငံခြားမှာ မလွယ်ဘူးနဲ့တူတယ်ဖေဖေ။ သား စင်ကာပူကို မသွားခင်ကတည်းက မေးဖူးတယ်။ အလုပ်ရှာရတာ မလွယ်ကူကြောင်း၊ စာရင်းကိုင်နဲ့ အင်ဂျင်နီယာတောင် အလုပ်အကိုင်တွေရှာရတာ ခက်တယ်၊ စရိတ်လည်းကြီးတယ်ဘာညာပေါ့။ သိပ်မလာစေချင်တဲ့သဘောပေါ့။ အဲဒါ အကူအညီတောင်မတောင်းရသေးဘူးနော်။ စိတ်ဓာတ်ခွန်အားဖြစ်စေမယ့် စကားလေးတစ်ခွန်းတောင် ပြောဖော်မရပါဘူး။ သား သိပါတယ်၊ ကိုယ်ထူကိုယ်ထ ကိုယ့်ဘဝ အခြေအနေလေ။ ဖေဖေပဲပြောထားပြီးတော့ ကိုယ့်ထူး ကိုယ်ချွန်သမားဖြစ်ရမယ်ဆိုတာလေ၊ သားရဲ့ မှန်ကန်တဲ့သစ္စာတရားကြောင့် အလုပ်ရတာဖြစ်မယ်”

“အေးပါကွာ၊ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့သားရေ၊ မေတ္တာမပျက်ရဘူးနော်။ ကြုံတွေ့တဲ့အခါ မိတ်ဝတ်မပျက်ဆက်ဆံပါသားရယ်”

“ဟုတ်ကဲ့ပါဖေဖေ။ သားနားလည်ပါတယ်။ ဆွေမျိုးဆိုတာတွေထက် မိတ်ဆွေတွေက ပိုကောင်းကြပါတယ်။ စလုံးကို အရင်ရောက်နှင့်နေကြတဲ့ သူငယ်ချင်းအရင်းအချာတွေကလည်းကောင်းကြပါတယ်။ သူတို့တွေအားပေးလို့ သားလည်း စိတ်ဓာတ်ခွန်အားတွေရပြီး အင်တာဗျူးတွေ ဆက်တိုက်ဝင်ဖြေဖြစ်တာပါ။ အလုပ်တစ်ခုမရရင် နောက်တစ်ခုပေါ့။ ဆက်လက်ကြိုးစားမှုရဲ့ အသီးအပွင့်ပေါ့ဖေဖေရယ်”

သားပြောတဲ့စကားသံတွေက အင်အားတွေပါနေလေရဲ့။ ခွန်အားတွေ တစ်ပွေ့တစ်ပိုက်နဲ့ စင်ကာပူမြေပေါ်မှာ လျှောက်လှမ်းနေတဲ့သားရဲ့ ရည်မှန်းချက်မြင့်မားတဲ့ခြေလှမ်းတွေကို မြင်ယောင်နေမိတယ်။ သားကတော့ စကားတွေဆက်ပြောနေလေရဲ့။

“သားရဲ့ အလုပ်ခန့်စာရရှိကြောင်းကို ဖေ့စ်ဘွတ်မှာတင်လိုက်တော့မှ စလုံးမှာရောက်နေကြတဲ့ ဆွေမျိုးတွေက ဂုဏ်ယူပါကြောင်း၊ အသိအမှတ်ပြုပါကြောင်းတွေကို နည်းမျိုးစုံနဲ့ ပို့ကြတယ်ဖေဖေ။ လူတွေရဲ့ အကြောင်းကို သား ကောင်းကောင်းနားလည်ရပါပြီ၊ သားနားလည်ပါပြီဖေဖေ”

“အခုမှ အစပဲရှိသေးတယ်သား၊ လူ့လောကကြီးက ကျယ်ဝန်းတယ်။ အများကြီးတွေ့ကြုံရဦးမယ်။ ဖေဖေပို့ပေးထားတဲ့ သတိထားရမယ့် အသိပေးစာသားလေးကို အမြဲသတိရနေပေါ့ကွယ်၊ လူ့မနော၊ လူ့စိတ်ကို ဖြူစင်အောင်ထားရမယ်၊ လူ့မနောဖြူပါစေကွယ်”

စကားတွေအများကြီးပြောဖြစ်လိုက်ကြတယ်။ ကျေနပ်ပီတိဖြစ်ရပါတယ်။ ဆွေမျိုးနဲ့ မိတ်ဆွေဆိုတာလည်း ဒီလိုပါပဲ လောကသဘာဝလို့ မှတ်ယူရမှာပေါ့လေ။

သားကို သတိရှိအောင်အသိပေးထားတဲ့စာသားလေး ဘယ်သူရေးခဲ့တယ်မမှတ်မိ၊ စာသားမူပိုင်ရှင်လည်း မသိ၊ နှစ်သက်လို့ အရင်က မှတ်သားခဲ့ဖူးတဲ့စာသားလေးကို သတိရမိပါတော့တယ်။

ကျဆုံးချိန်မှာ ခေါင်းမော့ပါ၊ ရဲရင့်ပါ။
ကြိုးစားချိန်မှာနှုတ်လုံပါ၊ သည်းခံပါ။
အောင်မြင်ချိန်မှာမာန်ချပါ၊ တည်ငြိမ်ပါ။
ပြည့်ဝချိန်မှာ မျှဝေပါ၊ တွဲကူပါ။

# ဆလုံတိုင်းရင်းသားလူမှုဘဝ

**မနုဿဝင်းမော်**

**မိသားစုနှင့်ဆွေမျိုးတော်စပ်မှု**

ဆလုံတိုင်းရင်းသားမိသားစုတို့တွင် အခြေခံမိသားစုနှင့် အိမ်ထောင်တွဲမိသားစုဟုရှိပြီး အခြေခံမိသားစုတွင် အမိ၊ အဘနှင့် သားသမီးများပါရှိကြောင်း သိရသည်။

အိမ်ထောင်တွဲမိသားစုတွင် အမိ၊ အဘနှင့် လက်မထပ်ရသေးသော သားသမီးများ၊ လက်ထပ်ပြီးသော သားသမီးများ၏မိသားစု၊ လက်ထပ်ပြီးသော မြေးယောကျ်ားလေးများ၏မိသားစု၊ ဖခင်ညီအစ်ကိုများ၏ မိသားစု စသည့်မိသားစုများ စုပေါင်းနေထိုင်ကြသည်။

ဆလုံတိုင်းရင်းသား အိမ်ထောင်တွဲမိသားစုများတွင် လက်ထပ်ပြီးသောသားများသည် အများအားဖြင့် သားဦးရသည့်အခါ အိမ်ခွဲလေ့ရှိကြသည်။ သမီးရပြီးမှ အိမ်ခွဲခြင်း၊ သား၊ သမီးမရမီ အိမ်ခွဲခြင်းမျိုးလည်းရှိသည်။ သားဦးရမှ အိမ်ခွဲရမည်ဟူသည့်ကန့်သတ်ချက်တော့ မရှိပေ။

သမီးမိန်းကလေးများ အိမ်ထောင်ပြုလျှင် လင်ယောကျ်ား၏နောက်သို့လိုက်ပါပြီး ယောက္ခမများ၏ မိသားစုသို့ သွားရောက်နေထိုင်ရသော ယောကျ်ားဘက်လိုက်စနစ်ကိုတွေ့ရသည်။ ယောကျ်ားလေးဘက်တွင် အဆင်မပြေလျှင်လည်း မိန်းကလေး၏မိဘများနှင့်အတူနေထိုင်နိုင်သည်။ ယင်းသို့နေထိုင်စဉ် စီးပွားရေးမှာ တစ်စီးပွားတည်းဖြစ်ပြီး အတူချက်ပြုတ်စားသောက်ကြသည်။

ဆလုံတိုင်းရင်းသားတို့ မိသားစုတွင် ဖခင်သည် ဩဇာအာဏာအရှိဆုံးဖြစ်ရာ ဖခင်သည် ကိစ္စအဝဝတွင် လုံးဝအာဏာပိုင်သည်ဆိုသော်လည်း မိခင်က အိမ်ထောင်စုအရေးတွင် မိမိ၏သဘောထားကို ထုတ်ဖော်ပြောဆိုနိုင်ခွင့်ရှိသည်။



**သတို့သား၏ဖခင်က သတို့သမီး၏မိခင်အား လက်ဆောင်ပစ္စည်းများ ပေးအပ်နေစဉ်။**

ဖခင်ဖြစ်သူသည် မိမိဇနီး၏သဘောထားကိုလည်း ထည့်သွင်းစဉ်းစားပြီးမှ ဆုံးဖြတ်လေ့ရှိသည်။ သားသမီးများကိုလည်း ဖခင်က တိုင်ပင်ရသည်။ သို့ဖြစ်၍ ဖခင်ဖြစ်သူသည် အိမ်ထောင်ဦးစီးဖြစ်သော်လည်း လက်တွေ့အားဖြင့် ၎င်းပိုင်သောအာဏာကို တစ်ဦးတည်းမကျင့်သုံးဘဲ ဇနီးနှင့်တိုင်ပင်ဆွေးနွေးသည့်သဘော တွေ့ရှိရသည်။

ဖခင်မရှိလျှင် မိခင် သို့မဟုတ် သားအကြီးဆုံးက ဖခင်၏နေရာကို ဆက်ခံရသည်။ စီးပွားရေးကိုလည်း ဆက်လက်ဦးစီးလုပ်ကိုင်ရသည်။

မိသားစုတစ်စုလုံးကို တရားမျှတစွာအုပ်ချုပ်ကြသူများဖြစ်၍ ဖခင်၊ မိခင်နှင့် အစ်ကိုကြီးကို ကျန်ရှိသောမိသားစုဝင်များက ချစ်ကြောက်ရိုသေကြသည်။ မိသားစုဝင်အားလုံးသည် စီးပွား၊ ဥစ္စာပစ္စည်းကို စုပေါင်းပိုင်ဆိုင်ကြပြီး ဝိုင်းလုပ်ဝိုင်းစားစနစ်ဖြင့် နေထိုင်ကြသည်။ ပိုင်ဆိုင်မှုကို ခွဲဝေထားခြင်းမဟုတ်ဘဲ အိမ်ခွဲဆင်းမှသာ စီးပွားခွဲလေ့ရှိကြသည်။

ဆလုံတိုင်းရင်းသားတို့၏ဆွေမျိုးတော်စပ်ပုံတွင် သွေးသားဖြင့် ဆွေမျိုးတော်စပ်ခြင်း၊ လက်ထပ်ခြင်းဖြင့် ဆွေမျိုးတော်စပ်ခြင်း၊ မွေးစားခြင်းဖြင့် ဆွေမျိုးတော်စပ်ခြင်းတို့ကိုတွေ့ရသည်။

သွေးသားဖြင့် ဆွေမျိုးတော်စပ်မှုတွင် မိခင် ဖခင်နှစ်ဘက်စုံမှ ညီအစ်ကိုမောင်နှမအားလုံးကို ဆွေမျိုးဟုသတ်မှတ်ကြသည်။ ဆလုံတိုင်းရင်းသားတို့၏ ဆွေမျိုးတော်စပ်မှုသည် နှစ်ဖက်လိုက်ဆွေမျိုးတော်စပ်မှုမျိုးဖြစ်သည်။ ညီအစ်ကိုမောင်နှမသားချင်းများမှ ပေါက်ဖွားလာသော သားသမီးများကို မောင်နှမတစ်ဝမ်းကွဲတော်စပ်သည်၊ နှစ်ဝမ်းကွဲတော်စပ်သည် စသည်ဖြင့် အသိအမှတ်ပြုထားသည်မှတစ်ပါး အခြားမိတ်ဆွေများကဲ့သို့ပင် သဘောထားကြသည်။

ဆလုံတိုင်းရင်းသားတို့တွင် နှစ်ဝမ်းကွဲမှ အထက်ကျော်လျှင် အချင်းချင်းလက်ထပ်ယူကြလေ့ရှိသည်။ လက်ထပ်ခြင်းအားဖြင့် ယောက္ခမ၊ သမက်၊ ချွေးမဟူ၍ ဆွေမျိုးများတော်စပ်လာရသည်။

ကလေးမွေးစားသည့်ဓလေ့ရှိပြီး မွေးစားကလေးများကိုသားသမီးအရင်းနှင့်မခြား အခွင့်အရေးပေးခြင်း၊ အမွေခွဲဝေပေးခြင်း၊ ဆွေမျိုးအဖြစ် သတ်မှတ်ခြင်းတို့ဖြစ်သည်။

ဆွေမျိုးတော်စပ်မှုအလိုက် အခွင့်အရေးပိုရခြင်း၊ ပွဲလမ်းသဘင်များ၌ အထူးအခွင့်အရေးများရခြင်းဟူသည့် ဓလေ့ထုံးစံမျိုးကို မတွေ့ရပေ။ ဆွေမျိုးမိသားစုအချင်းချင်း အေးအေးချမ်းချမ်း စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။

**ရည်ညွှန်း။ ။ ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ၊ ပါမောက္ခဒေါ်တင်ရီနှင့်အဖွဲ့**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့်ပတ်သက်၍ ရုံးတော်က မည်သို့ယူဆမည်ကို လူတို့သိချင်စိတ်စောနေကြသည်။ ထင်ကြေးအမျိုးမျိုး ပေးနေကြသည်။ အများအားဖြင့် ဒေါ်ရေနံ့သာခင်ခင်ကြီးကိုယ်တိုင်က ကိုမောင်မောင်ဦးအား သတ်လိုက်ပါသည်ဟု ဝန်ခံသည်။ သက်သေထွက်ချက်များကလည်း သတ်ကြောင်းပြည့်စွန်းနေသည်။ ထို့ကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီးသည်အမှုမှ လွတ်မြောက်လမ်းမမြင်ဟု ထင်မြင်ချက်ပေးကြသည်။

ကိုမောင်မောင်ဦးအား ဒေါ်ရေနံ့သာခင်ခင်ကြီးက သတ်သည်၊ မသတ်သည်မှာ အဓိကမဟုတ်။ သူ့အပေါ် ကျရောက်လာမည့်အပြစ်ဒဏ် အနည်းအများ အလေးအပေါ့ကို သိရှိရန်သာ လူတို့ ရုံးသို့ရောက်လာကြသည်ဟု ထင်မှတ်ရဖွယ်ရှိသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ရုံးအတွင်းရှိ အများသူငါအနက်မှသည် တရားလိုဖြစ်သောရဲအရာရှိကို အလျင်မြင်သည်။ သူသည် ရှေ့ဆုံးခုံတန်း၌ တရားလိုအကျိုးဆောင် ဝတ်လုံတော်ရမင်းနှင့်အတူ ထိုင်နေသည်။ သူ့ကိုကြည့်ရသည်မှာ မိမိအား တစ်စုံတစ်ရာအတွက် မုန်းတီးစိတ်ရှိပုံမရ။ သူ့၌ဝတ္တရားအလျောက်တာဝန်ထမ်းဆောင်နေရသူတစ်ယောက်၏ အသွင်အပြင်ကိုသာ မြင်ရသည်။

တရားလိုအကျိုးဆောင် ဝတ်လုံတော်ရမင်းကိုမူ ဒေါ်ရေနံ့သာခင်ခင်ကြီး များစွာနှစ်မြို့က်ခြင်းမဖြစ်မိပေ။ သူ၏ အရာရာတတ်သိနားလည်ဟန် ပလွှားသောအမူအရာ၊ စရည်းအိုးတွင် ခြေထောက်တပ်ထားသည်သို့ ဝရွဲသောကိုယ်။ သေးသောဦးခေါင်း။ ကျဉ်းမြောင်းသော မျက်ပေါက် စသည်တို့ကိုထား။ သူ၏ ကျယ်ကျယ်လောင်လောင်နိုင်သောအသံကိုပင် မနှစ်သက်နိုင်သလို ဖြစ်ရသည်။ သူသည် စကားကို ရှည်လျားစွာပြောတတ်ရုံမက မလိုသောအပိုစကားတို့ကိုလည်း များစွာ ပြောခဲ့သည်ဟု ထင်သည်။ တရားလိုအကျိုးဆောင် ဝတ်လုံတော်ရမင်းသည် သူ့ဘက်ကအနိုင်ရဖို့ သေချာနေပုံမျိုးဖြင့် မီးမရှိသော ဆေးပြင်းလိပ်တိုကို ပါးစောင်တွင်ခဲကာ အေးဆေးစွာ ထိုင်နေသည်။

တစ်ဖက်သော ရှေ့ကျသည့်ခုံတန်းတွင် သူ့ဘက်မှ လိုက်ပါဆောင်ရွက်သော တရားခံအကျိုးဆောင် ဝတ်လုံတော်ရမင်းရှိသည်။ ထိုသူသည် ဖြူဖျော့လျက် ပိန်လှီသေးကွေးသော ကိုယ်ရှိသည်။ လိုသည်ထက်ပို၍ ကားစွင့်သော နားရွက်များရှိသည်။ သူသည် တိကျပြတ်သားလျက် စကားနည်းနိုင်သမျှ နည်းနည်းဆိုလေ့ရှိသည်။ သူသည် မျက်နှာနေမျက်နှာထား မကောင်းလှဘဲ ခပ်လှမ်းလှမ်းသို့ ငေးနေသည်။ တစ်စုံတစ်ရာကို အလေးအနက် တွေးနေပုံမျိုး။

၎င်းတို့နောက်ဘက်တွင် ယခင်က သိဟောင်းကျွမ်းဟောင်းများ ဖြစ်ဟန်ရှိသော လူတစ်သိုက်ရှိသည်။ အချို့ကို မှတ်မိသည်။ အချို့ကိုကား မေ့လျော့နေမိချေပြီ။

ယင်းခုံ၏ နောက်ဘက် တစ်ခုံကျော်၌ ဗိုလ်မှူးညိုထွန်းကို တွေ့ရသည်။ ယခုအခါ သူ ပင်စင်ယူပြီးလောက်ပြီ ထင်သည်။ သူဝါသနာပါသော စာပေကိုပြုစုနေပြီလား။ စန္ဒရားတီးတတ်နေပြီလား။ ပန်းချီဆွဲတတ်နေပြီလား။ စိုက်ပျိုးမွေးမြူရေးကို လုပ်နိုင်နေပြီလားမသိ။ တစ်ခုတော့သေချာသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးတွင် ဆန္ဒရှိခဲ့သော ဇာတိမြေ၌ အလုပ်သမားရိပ်သာတစ်ခု တည်ဆောက်ရန် အကြံအစည်သည် သူ၏ ကမကထပြုမှုဖြင့် ပြီးစီးနေလောက်ပြီထင်သည်။

ကိုမောင်မောင်ဦး အသတ်ခံရမှုတွင် ဗိုလ်မှူးညိုထွန်း ပါဝင်ပတ်သက်နေရမှုနှင့် စပ်လျဉ်းသော အထက်လူကြီးများ၏ အငြိုအငြင်ကို ခံခဲ့သေးသည်။ စစ်ခုံရုံး၌ အစစ်ဆေးခံခဲ့ရသေးသည်။ ၎င်းမှာ ဒေါ်ရေနံ့သာခင်ခင်ကြီး ကိုင်တွယ်အသုံးပြုခဲ့သော သူ၏သေနတ်ကိစ္စပင် ဖြစ်သည်။ အခင်းဖြစ်ပွားစဉ်က သူသည် အရေးပါအရာရောက်သောသူတို့နှင့် အတူရှိနေကြောင်း သက်သေပြနိုင်သဖြင့်သာ သည်ကိစ္စ လွယ်လွယ်နှင့်ပြီးသွားခဲ့သည်။ သို့မဟုတ်လျှင် ကိုမောင်မောင်ဦး အသတ်ခံရရာ၌ သူ ယိုးစွပ်ခံရကောင်း ခံရနိုင်သည်။

ဗိုလ်မှူးညိုထွန်းသည် တရားသူကြီး ထွက်လာမည့်အပေါက်ဝဆီသို့ ငေးကြည့်နေသည်။

သူ့အပါးမှာ ကိုကိုရှိသည်။ ဦးခင်မောင်ညွှန့်ရှိသည်။ ကိုကိုသည် ရုပ်ဆင်းသဏ္ဌာန်အားဖြင့် များစွာပြောင်းလွဲခြင်းမရှိ။ သို့တိုင်အောင် ဆံပင်တို့က အရွယ်နှင့်မလိုက်အောင် ဖြူနေသည်။

ကိုကိုဘေးမှာ မမဝင်းရီ၊ ဒေါ်ဝင်းရီ၊ မမဝင်းရီသည် အနည်းငယ် ပို၍ပိန်သွားသယောင် ထင်ရသည်။ အသက်နှင့်လိုက်ဖက်သော တည်ငြိမ်သည့်အလှသူ့မှာရှိသည်။ မမဝင်းရီသည် မိမိအား မျက်ရေကြည်ပြည့်လျှမ်းနေသည့် မျက်ဝန်းများဖြင့် မကြာခဏ လှမ်းကြည့်တတ်သည်။

၎င်းတို့နှင့် အလယ်အူကြောင်းခြားနေသော အခြားတစ်ဖက်ရှိခုံတန်းတွင် ကိုကျော့မောင်ကို ဒေါ်ရေနံ့သာခင်ခင်ကြီး မြင်ရသည်။ သူ့ကိုမြင်ရလေတော့လည်း သူညည်းလေ့ရှိသည့် သီချင်းကလေးကို အမှတ်ရဖွယ် ဖြစ်လာသည်။ သူသည် တရားလိုပြသက်သေတစ်ယောက် ဖြစ်နေလေသည်။ သူသည် သူ၏သူငယ်ချင်း သေဆုံးရခြင်းအတွက် မိမိအပေါ် မကျေမနပ်ရှိနေလေသလားမသိ။ ရုံးတွင် အစစ်ခံရာ၌ ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ကိုမောင်မောင်ဦးတို့၌ အတေးအငြိုးရှိခဲ့သည်။ ၎င်းမှာ ပထမအချက် ကလေးနှင့်ပတ်သက်သည်။ ဒုတိယအချက် ငွေညှစ်ခြင်းနှင့်စပ်လျဉ်းသည်။ ယင်းသို့ ထွက်ဆိုခဲ့သည်။ မိုးတစ်ညည၌ ရေနံ့သာသို့ သူနှင့်မောင်မောင်ဦးတို့ ရောက်ရှိခဲ့ပုံကို ပြန်လည်ပြောပြသည်။ သူပြောပြချက်များအရ နန်းကိန္နရီကိုဗန်းပြ၍ အကယ်စင်စစ် ငွေညှစ်ခဲ့သူမှာ ကိုမောင်မောင်ဦးမဟုတ်ခဲ့ကြောင်း ဒေါ်ရေနံ့သာခင်ခင်ကြီး သိရှိခဲ့ရလေပြီ။

ကိုကျော့မောင်နံဘေး၌ရှိသူမှာ ကိုငှက်ရိုး။

ကိုကျော့မောင်၏စကားအရ ကိုငှက်ရိုးသည် တရားလိုပြသက်သေအဖြစ် ရုံး၌ အစစ်ဆေးခံခဲ့ရလေသည်။ ရုံးပြင်ကနားသို့ အရောက်အပေါက်နည်းခဲ့လေသော ကိုငှက်ရိုးသည် သက်သေခံရခြင်း၊ ရဲတို့၏ စုံစမ်းစစ်ဆေးမှုခံရခြင်း စသည်တို့အတွက် ကြောက်လန့် စိတ်ပျက်နေခဲ့သည်။ ငွေညှစ်ခဲ့မှုအတွက်လည်း မသိုးမသန့်ဖြစ်နေသည်။ နောင်တရနေသည်။

ကိုကျော့မောင်က ဆွဲထည့်ခဲ့လေသောကြောင့် ဦးမွန်ကြီးမှာလည်း အလိုလိုနေရင်း အမှုပွေနေရသည်။ တရားလိုပြသက်သေ ဖြစ်ခဲ့ရပြန်သည်။ ယခုအခါ ဦးမွန်ကြီး ကိုငှက်ရိုးဘေး၌ ရှိသည်။ ဆေးငုံထားပြီး တံတွေးတပျစ်ပျစ်မထွေးရသဖြင့် စိတ်အနှောင့်အယှက် တွေ့နေရဟန်တူသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏အမှု စစ်ဆေးသည့်နေ့တိုင်း ရုံးခန်း၌ မပျက်မကွက် တွေ့ရတတ်သူတစ်ယောက်မှာ မျိုးထွန်းသိန်း ဖြစ်လေသည်။ သူသည် နေ့စဉ်ရက်ဆက်ဆိုသလို အမှုကို မပျက်မကွက် လာရောက်နားထောင်တတ်လေသည်။ ယခုလည်း ကိုကျော့မောင်တို့နှင့် တစ်ခုံကျော်၌ သူ့ကိုမြင်ရသည်။

သူ့နံဘေး၌ နန်းကိန္နရီရှိသည်။

မှန်ပါသည်။ သူ့နံဘေး၌ နန်းကိန္နရီ ရှိပါသည်။

ထပ်၍ ဆိုပါဦးမည်။ နန်းကိန္နရီသည် မျိုးထွန်းသိန်း၏ဘေး၌ ရှိနေပါသည်။

ရှစ်မိုင်လမ်းဆုံ၌ နန်းကိန္နရီ ကားတိုက်မှုဖြစ်စဉ်က အဖြစ်အပျက်ကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသူတိုင်းက နန်းကိန္နရီ အသက်ထင်ရှားရှိနိုင်လိမ့်မည် မထင်ကြ။ အားလုံးကပင် သေဆုံးခဲ့ပြီဟု ထင်ကြမည် အမှန်ဖြစ်သည်။ အများတကာတို့နည်းတူပင် ဒေါ်ရေနံ့သာခင်ခင်ကြီးကိုယ်တိုင်လည်း ထင်ခဲ့သည်။ သည်စဉ်က နှလုံးသွေးပျက်မတတ် ရင်၌ပူလောင်ကာ အရာရာကို သတိမမူမိနိုင်အောင် ဖြစ်ခဲ့ရ၍လည်း နန်းကိန္နရီ တကယ်ပင် သေဆုံးခဲ့ပြီဟု မှတ်ယူခဲ့သည်။

စင်စစ်တွင်မူ သည်စဉ်က ဒဏ်ရာကြောင့် နန်းကိန္နရီ မေ့မြောနေခြင်းသာဖြစ်သည်။ သတိလစ်နေခြင်းသာ ဖြစ်သည်။ သူ၏တစ်ကိုယ်လုံး သွေးဖြင့်ဖုံးနေခြင်းမှာ မော်တော်ကားမှန်မှ အကွဲအစ ရှနခဲ့ခြင်းကြောင့်လည်းဖြစ်သည်။ သေကောင်ပေါင်းလဲဖြစ်ရလောက်အောင် ဒဏ်ရာရခဲ့သည်လည်း မှန်သည်။

သို့ရာတွင် ဆေးပညာသည် အံ့ဩစရာကောင်းလောက်အောင် နန်းကိန္နရီ၏အသက်ကို သေမင်း၏လက်မှ လုယူထားလိုက်သည်။ သွေးပုလင်းများစွာ သွင်းခဲ့ရသည်။ သွင်သွင်ကျိုးခဲ့သော ခြေထောက်ကို သံလကြာမျှ ကျောက်ပတ်တီးစည်းရသည်။ သူ၏ကိုယ်ခန္ဓာတွင် ထိခိုက်ရှသော ဒဏ်ရာတို့ များပြားစွာရှိခဲ့သည်။ အထူးသဖြင့် မျက်နှာတွင် ရုပ်ပျက်ဆင်းပျက်ဖြစ်ရလောက်အောင် ဒဏ်ရာရခဲ့သည်။ သို့ပေမဲ့ အသားအစားထိုးကုသမှုဖြင့် နန်းကိန္နရီသည် ပင်ကိုအဆင်းကို မမီသည့်တိုင် ပင်ကိုလောက်နီးနီး ပြန်လည်လှပနေခဲ့သည်။

နန်းကိန္နရီနှင့်စပ်လျဉ်း၍ အလုံးစုံကို မမဝင်းရီမှတစ်ဆင့် ဒေါ်ရေနံ့သာခင်ခင်ကြီး ကြားသိခဲ့ရသည်။ မမဝင်းရီသည် နန်းကိန္နရီ ဆေးရုံတက်ရာတွင်လည်းကောင်း၊ အသားအစားထိုး ကုသရာတွင်လည်းကောင်း အစွမ်းကုန် ကိုယ်ဖိရင်ဖိ ပြုစုကူညီခဲ့သူဖြစ်သည်။ နန်းကိန္နရီကို ဦးကောင်းမိုး၏သမီး၊ ကိုမောင်မောင်ဦး၏ နှမအဖြစ် သိလာရသော်လည်း ဒေါ်ရေနံ့သာခင်ခင်ကြီး၏စိတ်၌ ထူးခြားမှုဖြစ်ပေါ်မလာခဲ့၊ ဆန်းကြယ်မှုကို မခံစားခဲ့ရ။ ကိုမောင်မောင်ဦး မိမိမျက်စိရှေ့မှောက်တွင် ဆုံးပါးခဲ့သည်ကို မြင်ရပြီးနောက် မည်သူ့အပေါ်တွင်မှ အတေးအငြိုးမထားမိတော့ရိုးအမှန်ပင်။

နန်းကိန္နရီသည် ရေနံ့သာသို့ ပြန်ရောက်မလာခဲ့ပေ။ ဆေးရုံမှဆင်းလျှင် အငြိမ့်ထောင်ဆရာဦးမြတ်စံအိမ်သို့ သွားသည်။ အငြိမ့်ပြန်ကရန် ကြိုးစားသည်။ သူ့ကို မျိုးထွန်းသိန်းက ရှာဖွေခေါ်ဆောင်ခဲ့ကြောင်း သိရသည်။

နန်းကိန္နရီသည် မျက်နှာ၌ နေကာမျက်မှန်အနက်တပ်ထားသည်။ ယခုအခါ သူ့၌ ကိုယ်လေးလက်ဝန်ရှိနေသည်။ မိခင်လောင်းအင်္ကျီ ဝတ်ထားသည်။ မျိုးထွန်းသိန်းက သူ၏ချစ်မေတ္တာကို သက်သေပြခဲ့သည်။ သူတို့ လက်ထပ်ခဲ့သောသတင်းကို ထောင်ထဲမှနေ၍ ဒေါ်ရေနံ့သာခင်ခင်ကြီး ကြားခဲ့သည်။

ထိုင်နေသူမရှိမှန်းသိပေမဲ့ နေရာတစ်နေရာကို ဒေါ်ရေနံ့သာခင်ခင်ကြီး အမှတ်တရကြည့်မိသည်။ ယင်းနေရာသည် ခုံအားလုံး၏နောက်ဆုံးတန်းတွင်ရှိသည်။ အစွန်ဆုံးကျသည်။ ရုံးခန်း၏ နောက်ဆုံးနှင့် အခန်းထောင့်ချိုးကျသည်။

ယင်းနေရာ တစ်နေရာတည်းတွင် မိန်းမတစ်ယောက် နှစ်ကြိမ်၊ သုံးကြိမ်မျှ လာရောက်ထိုင်ခဲ့ဖူးသည်။ ထိုမိန်းမ၏ အသွင်အပြင်သည် နွမ်းနယ်ညှိုးခြောက်နေသည်။ မျက်နှာမှာ အစဉ်လို အုံ့မှိုင်းနေသည်။ ထိုမိန်းမသည် အမှုတွင် အရေးအကြီးဆုံးသော တရားလိုပြသက်သေဖြစ်ပါသည်။ သူ၏အမည်ကိုပင် မေ့ချင်သလို ဖြစ်နေသည်။

ဩော်၊ ခင်သန်းနွဲ့။

**ဆက်လက်ဖော်ပြပါမည်။**

❛ နန်းကိန္နရီနှင့်စပ်လျဉ်း၍ အလုံးစုံကို မမဝင်းရီမှတစ်ဆင့် ဒေါ်ရေနံ့သာခင်ခင်ကြီး ကြားသိခဲ့ရသည်။ မမဝင်းရီသည် နန်းကိန္နရီ ဆေးရုံတက်ရာတွင်လည်းကောင်း၊ အသားအစားထိုး ကုသရာတွင်လည်းကောင်း အစွမ်းကုန် ကိုယ်ဖိရင်ဖိ ပြုစုကူညီခဲ့သူဖြစ်သည်။ နန်းကိန္နရီကို ဦးကောင်းမိုး၏သမီး၊ ကိုမောင်မောင်ဦး၏ နှမအဖြစ် သိလာရသော်လည်း ဒေါ်ရေနံ့သာခင်ခင်ကြီး၏စိတ်၌ ထူးခြားမှုဖြစ်ပေါ်မလာခဲ့၊ ဆန်းကြယ်မှုကို မခံစားခဲ့ရ။ ကိုမောင်မောင်ဦး မိမိမျက်စိရှေ့မှောက်တွင် ဆုံးပါးခဲ့သည်ကို မြင်ရပြီးနောက် . . .❜

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

### တင်ဒါအမှတ်စဉ်(၁/၂၀၂၂)

### (၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၈)၊ ဖောင်းပြင်မြို့မှ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် ဒီဇယ်ဆီ (ပရီမီယံ)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို လမ်းဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၈)၊ ဖောင်းပြင်မြို့တွင် အောက်ပါအတိုင်း ဝယ်ယူ တင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် | ၂၅-၇-၂၀၂၂ (ရုံးချိန်အတွင်း) |
| (ခ) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | ၅-၈-၂၀၂၂ ညနေ ၁၅:၀၀ နာရီ |
| (ဂ) | တင်ဒါအာမခံကြေး (PO) တင်သွင်းရမည့်ရက်/အချိန် | ၉-၈-၂၀၂၂ ညနေ ၁၆:၀၀ နာရီ |
| (ဃ) | အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်နေရာ | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၈)၊ ဖောင်းပြင်မြို့ |
| (င) | အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်/အချိန် | ထပ်မံကြေညာပါမည်။ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၈)၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးရှိ ဖုန်း-၀၉-၄၂၉၈၇၃၅၄၀၊ ၀၉-၄၅၅၁၆၉၂၉၂၊ ၀၉-၄၄၂၀၇၄၈၈၂ကို ဆက်သွယ်၍ လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ် (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ တိုက်အမှတ် (၂၉၇)၊ ပထမထပ် (ဝဲ)တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ် ရေ၊ မီး အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်သီတာလှ [၁၂/ဗဟန(နိုင်)၀၈၁၂၉၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ဒေါ်မာမာဦး [၁၂/ကတတ(နိုင်)၀၁၅၁၁၁]မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်မာမာဦး [၁၂/ကတတ(နိုင်)၀၁၅၁၁၁]**
**ဖုန်း-၀၉-၂၆၁၁၆၆၈၈၊ ၀၉-၉၆၆၆၈၀၆၆၆**

## မြေကွက်ရောင်းမည်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မြေကွက်အမှတ်(၁၆၅၄/၁၆၅၅)၊ ၄၁-ရပ်ကွက်၊ ကြာဝတ်မှုံလမ်းရှိ ပေ၈၀x ပေ၆၀ (နှစ်ကွက်တွဲ) ကျယ်ဝန်းသော ခြံခတ်ပြီး မြေကို ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ အခွန်ဆောင်ပြီး ပိုင်ရှင်အမည်ပေါက်။ မီတာ (၂)လုံး + အဝီစိတွင်း(၁)တွင်း၊ အရှုပ်အရှင်းကင်း။

**Ph: 09-421131604, 09-260401566**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မိုးသီဟဟာဒူး [၁/ဝမန(နိုင်)၀၉၈၀၂၇]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၉၆၀၄၅၅**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးထွန်းလင်းဦး [၁/ဝမန(ပြု)၀၀၀၁၅၂]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်

**ဖုန်း-၀၉-၄၀၀၂၀၅၇၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဒေဝီမာဃာ [၁/ဝမန(နိုင်)၀၈၅၀၅၃]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်

**ဖုန်း-၀၉-၇၉၅၁၀၃၉၂၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ မမေလဲ့ဝင်း [၁/မကန(ပြု) ၀၀၀၂၆၆] ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၃၁၂၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်း၊ အမှတ်(၂၄/၂၅)ရှိ Shwe Einzali Condo-1၊ အခန်းအမှတ်($6^{th}$ Floor-D)၊ (1700Sqft) အကျယ်အဝန်း၊ ကားပါကင် (၁)စီးရပ်နားခွင့်ပါ ကွန်ဒိုတိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးခင်မောင်လင်း[၁၂/မဂတ(နိုင်)၀၆၅၄၆၆]နှင့် ဒေါ်ခင်အေးချို [၁၂/မဂတ(နိုင်)၀၆၅၄၆၇]တို့မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ L နန်ဆိုင်းမိုင်[၁၃/လရန(နိုင်)၂၂၅၆၈၀]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)**
**Ph-09-954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**LL.B,D.B.L, D.I.L, D.M.L**
**WIPO(Switzerland)**
**Ph:09-420080932,09-977402677**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ လူနေရပ်ကွက် အမှတ်-သုဝဏ္ဏ(ဘုရားနီး)၊ မြေကွက်အမှတ်(၈)၊ အကျယ်အဝန်း(၆၀ x ၈၇. ၆)ပေအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိသဃ်န်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ စန္ဒကူးလမ်း၊ အမှတ်(၈)ဟုခေါ်တွင်သည့် နှစ်ထပ်တိုက်အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးဌေးဝင်း(ခ)တန်စိုက်စိန်(၁၂/ဥကမ(နိုင်)၀၀၀၅၅၆)+ဒေါ်စန်းစန်းရီ(ခ)အင်ရှုကြူ(၁၂/လသန(ညှိ)၀၀၁၆၅၂)တို့ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက ယနေ့မှစ၍(၁၄)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်ထွန်း (LL.B.,LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၆၃)

Fb Page: Aung Myay Saytanar Realestate Co.,Ltd, E-mail: aungmyayrealestate@gmail.com
အမှတ် (၈၈၈)၊အခန်း(၃)၊မေတ္တာလမ်းကွန်ဒို၊မေတ္တာလမ်းမ၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
☎ : 09- 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 420189919

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/တိုးချဲ့)၊ ဇမ္ဗူရာဇ်ရွှေစင်လမ်း၊ မြေကွက်အမှတ်(၁၄၄)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေချပါမစ် မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးအောင်ဇော်ထူး(HGU-၁၂၂၀၁၄)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်နန်းအေးအေးထွေး(BHN-၀၁၃၁၁၃) [၁၂/လမန(နိုင်)၀၃၉၅၀၆]**သည် “နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်”များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်ကြည် (LL.B)**
**(စဉ်-၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ကေကေနိုင် (LL.B)**
**(စဉ်-၅၃၃၄၄)**
**အထက်တန်းရှေ့နေ**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-တိုးချဲ့)၊ မြေကွက်အမှတ်-A-၁၇၊ ဧရိယာ (၀.၀၅၅)ဧက၊ အကျယ်အဝန်းအားဖြင့် (၄၀ပေ x၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (A/၁၇)၊ ဦးဝိစာရလမ်း၊ ၃၄-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးသန်းထွန်းဝင်း [၁၂/ဗဟန(နိုင်)၀၅၆၅၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁/ထူပါရုံ)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၅၁)၊ (၂)ခန်းတွဲ RC (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ (၅ လွှာ)(တိုက်ကိုမျက်နှာမူလျှင် ယာဘက်အခန်း)၊ အခန်းအမှတ်(B-5)၊ ဧရိယာ(၇၉၅)စတုရန်းပေရှိ တိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးသီဟဟိန်း[၁၂/သကတ(နိုင်)၁၅၉၈၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထူးပိုင်ဟိန်း[၁၂/သကတ(နိုင်)၁၆၆၁၉၄]၊ ဒေါ်မေပြည့်ပြည့်သူ[၁၂/ဗတထ(နိုင်)၀၄၃၀၃၀]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထူးပိုင်ဟိန်း၊ ဒေါ်မေပြည့်ပြည့်သူတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph:-09-765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၂၉)၊ (၂)ခန်းတွဲ RC (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ (၅ လွှာ)(တိုက်ကိုမျက်နှာမူလျှင် ဝဲဘက်အခန်း)၊ ဧရိယာ(၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းသာ လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ချယ်ရီမြင့်မောင်[၁၂/အစန(နိုင်)၁၈၂၆၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသန့်ဇင်[၁၂/လမန(နိုင်)၁၆၅၆၈၂]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန့်ဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph:-09-765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၈၈၈/က+ခ)၊ (၂)ခန်းတွဲ RC (၈)ထပ်ခွဲ(ဓာတ်လှေကား (၁)စင်းပါ) အဆောက်အဦ၏သတ္တမထပ်(၈)လွှာ (တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်အခန်း)၊ ဧရိယာ(၁၀၂၆)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးအောင်ဇော်မြင့်[၁၂/ဗတထ(နိုင်)၀၂၈၅၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကိုကိုမောင်[၁၂/ကမန(နိုင်)၀၆၈၂၁၄]၊ ဒေါ်စဝ်စန္ဒီထွေး[၁၃/ကလန(နိုင်)၀၀၁၁၂၄]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကိုကိုမောင်၊ ဒေါ်စဝ်စန္ဒီထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph:-09-765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

